# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ သောကြာနေ့။ Friday, 25 October 2024 ၁၁၆၂၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





# မြန်မာ့ဂုဏ်ရည်များ စိမ့်ဝင်ပျံ့နှံ့ အမျိုးသားရေးစိတ်ဓာတ်ခိုင်ကျည်မြဲမြံ

"နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု(National Culture)၊ အမျိုးသားရေး စိတ်ဓာတ် (National Spirit) နှင့် တန်ဖိုးထားမှုစနစ်(Value System)များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့တိုးတက်မှု(Independent Development)အတွက် အလွန်အရေးပါသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း" (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများရှိကြသည်။ အဆိုပါ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို အခြေခံပြီး နိုင်ငံသားများတွင် အမျိုးသားရေး စိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှုအပေါ် တန်ဖိုးထားသည့်စနစ်များ ဖြစ်ပေါ်လာသည်။ အဆိုပါအကြောင်းရပ်များသည် စဉ်ဆက်မပြတ် ပြောင်းလဲဖြစ်ပေါ်နေသော အချုပ်အနှောင်မဲ့ တိုးတက်ဖြစ်ပေါ်နေသည့် လူ့ဘောင်အသိုက်အဝန်းတွင် အလွန်အရေးကြီးသည့် အခြေခံအကြောင်းတရားများဖြစ်နေသည်ကို သတိမူကြရမည်ဖြစ်သည်။ အချုပ်အနှောင်မဲ့ တိုးတက်ဖြစ်ပေါ်နေမှုများသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှုစံနှုန်းများ အပေါ် အကျိုးသက်ရောက်ရိုက်ခတ်မှုများရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် မရှိအတူ ရှိအတူ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြရာတွင် ထုထည်ပမာဏကြီးမားသည့် မြန်မာ့ယဉ်ကျေးမှု အုတ်မြစ်ကြီးများကို ခိုင်ခံ့စွာစိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာ ရပ်တည်နေထိုင်ခဲ့ကြသည်။ ရှေးအစဉ်အဆက် ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာနိုင်ငံ နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်ဘဝသို့ ကျရောက်ပြီးနောက် ကိုလိုနီနယ်ချဲ့စနစ်၏ ဖိနှိပ်ချိုးနှိမ်မှုများကို ခံခဲ့ရသည်။ နှစ်ပေါင်းတစ်ရာကျော်ဆိုသည့်ကာလအတွင်း မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့စိတ်ဓာတ်များ လျော့ပါးပြောင်းလဲ ယိမ်းယိုင်ပျက်ပြားသွားနိုင်သည်။

သို့ရာတွင် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ကြသော မြန်မာတစ်မျိုးသားလုံးက ကိုလိုနီနယ်ချဲ့စနစ်၏ ဖိနှိပ်ချိုးနှိမ်မှုများကို ကြံ့ကြံ့ခံ တွန်းလှန်ပြီး မြန်မာတို့၏ စာပေ၊ ယဉ်ကျေးမှု မတိမ်ကော မပပျောက်အောင်၊ မြန်မာတို့၏ ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုတို့ဖြင့် အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှုမပျောက်ပျက်သဖြင့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးများလည်း အစွန့်ရှည်တည်တံ့ခိုင်မြဲလျက်ရှိသည်။

အချုပ်အနှောင်မဲ့ လွတ်လပ်ပွင့်လင်း တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသော မျက်မှောက်ကာလတွင် မြန်မာ့မူဟန် ရှေးမူမပျက် အစဉ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့်ကြားမှ ခေတ်ရေစီးကြောင်းနှင့် တိုးတက်ဖြစ်ထွန်းမှု ရိုက်ခတ်လွှမ်းမိုးမှုများကြောင့် မြတ်နိုးတန်ဖိုးထားဖွယ်ရာ မြန်မာ့ယဉ်ကျေးမှု မှေးမှိန်လျော့ပါးသလိုဖြစ်လာခဲ့သည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် စာပေအပေါ်တွင် အခြေခံဖြစ်ထွန်းလာခဲ့သည့် မြတ်နိုးဂုဏ်ယူဖွယ်ရာ မြန်မာ့ယဉ်ကျေးမှု လျော့ပါးလာသည့်အခါ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော စရိုက်လက္ခဏာဆိုးများ တစ်စတစ်စ ကြီးစိုးလွှမ်းမိုးလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ယင်းသည် လွန်စွာအရေးပါသည့် အရေးကြီးသော အကြောင်းတရားများဖြစ်သောကြောင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်ကွဲလွဲသည့် ပြည်ပမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး တိုင်းပြည်အတွက် အန္တရာယ်ရှိနေသည်ကို သတိထားကြရမည်ဖြစ်သည်။

ထို့ကြောင့် အဆိုပါအန္တရာယ်များကို ထိထိရောက်ရောက် ခုခံတွန်းလှန်နိုင်မည့် မျက်နှာစာတစ်ခုဖြစ်သည့် ယဉ်ကျေးမှုနှင့်အနုပညာနယ်ပယ်မှ မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ရှင်သန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်အား အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းနိုင်မှု လမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်မြဲမြံခိုင်မာစွာ ရပ်တည်ရှင်သန်နေစေရေးအတွက် အနုပညာစွမ်းပကားသည် ကြီးမားသော အထောက်အပံ့ကောင်းများဖြစ်သည်။ အနုပညာစွမ်းပကားသည် ပြည်သူများ၏ စိတ်နှလုံးဘဝင်ကို ဖမ်းစားနိုင်စွမ်းရှိ၍ အနုပညာဖြင့် နိုင်ငံချစ်စိတ်မြင့်မားတိုးတက်လာအောင် ကြိုးပမ်းစွမ်းဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည်နှင့် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရန်အတွက် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ ဆက်လက်ရှင်သန်ထွန်းကားနေအောင်၊ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေအောင်၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်နေမှုကို ကာကွယ်နိုင်အောင်၊ နိုင်ငံချစ်စိတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ရွှေစီမံကိန်းတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC THAI BINH ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅.၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇.၆၉၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄.၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၄၂၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၆.၈၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၃.၄၀၈ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၂၀.၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၄၄.၉၂၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွှေစီမံကိန်းတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC THAI BINH ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် LEAPMOTOR T03 (STANDARD) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Unitrust Enterprise Group of Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR03 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် အောက်တိုဘာ ၂၄ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့်မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ် လုပ်ငန်းများ လည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၆၇၀ (တန်ဖိုးငွေကျပ် ၉၈၄ ဒသမ ၇၀၀ သိန်း)နှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ၄၃၂ ပိဿာ (တန်ဖိုးငွေကျပ် ၈၈ ဒသမ ၅၆၀ သိန်း) စုစုပေါင်း ငွေကျပ် ၁၀၇၃ ဒသမ ၂၆၀ သိန်းအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၅၀၀ | ၉၁ | ၇၆၄,၅၀၀ |
| MTSH | ၃,၃၅၀ | ၃,၄၀၀ | ၂၄၀ | ၇၉၄,၅၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၂,၁၀၀ | ၂,၀၅၀ | ၈၂ | ၁၆၉,၆၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၀၁၁ | ၁,၆၉၃,၇၀၀ |
| AMATA | ၄,၃၀၀ | ၄,၄၀၀ | ၄၂ | ၁၈၁,၀၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၁,၀၆၀ | ၃,၅၅၁,၀၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၁ | ၃၅,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့တက်ရောက်ခဲ့သည့် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ တက်ရောက်ကြသည်။

**ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့် အရေးကြီး**

ထိုသို့တွေ့ဆုံရာ၌ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးကို အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အလွန်

**☆ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးကို အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့် အရေးကြီး**

**☆ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံအလိုက် ပူးပေါင်းတိုက်ဖျက်ရမည့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အတူတကွ ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်**

**☆ နိုင်ငံအလိုက် ရဲတပ်ဖွဲ့ဝင်များအချင်းချင်း အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်း၊ လက်နက်ခဲယမ်းများ မှောင်ခိုရောင်းချခြင်း၊ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်မည်**

ကျယ်ပြန့်အရေးကြီးကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံအလိုက် ပူးပေါင်းတိုက်ဖျက်ရမည့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အတူတကွ ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံအလိုက် ရဲတပ်ဖွဲ့ဝင်များအချင်းချင်း အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း၊ လက်နက်ခဲယမ်းများ မှောင်ခိုရောင်းချခြင်း၊ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ ပါဝင် တက်ရောက်ခဲ့ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က အာဆီယံရဲအဖွဲ့ညီလာခံများ ကျင်းပပြုလုပ်ခဲ့မှု၊ ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကျင်းပခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံး အမှုဆောင် ဒါရိုက်တာတို့က နိုင်ငံအလိုက် တစ်ဦးချင်း မိတ်ဆက်ကြပြီး (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံကျင်းပနေသည့်ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ညှိနှိုင်းဝတ်ကျေပွန်စွာ စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ အာဆီယံရဲအဖွဲ့ဝင် နိုင်ငံများအချင်းချင်း လေ့ကျင့်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းနယ်ပယ်များတွင် ပူးပေါင်းတားဆီးနှိမ်နင်းရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ၂၀၂၄

IMMIGRATION

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် - ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉

သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ တန်ဖိုးအထားရဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ယုံကြည်

## အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် နှစ်နိုင်ငံအကြား ယုံကြည်မှု၊ ချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရေးတို့အတွက် မြဲမြံသည့်အုတ်မြစ်သဖွယ် လမ်းစဖော်မြင့်တင်ပေးခဲ့

**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၄ ခုနှစ် အိန္ဒိယ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။




မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ စစ်သံမှူးများနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Coopera-tion) ITEC ဆိုင်ရာ Video Clip ကို ဖွင့်လှစ်ပြသသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation) ITEC ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဦးစွာရှင်းလင်းပြောကြားပြီး ယခုကျင်းပသည့် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ကိုယ်တိုင် တက်ရောက် ချီးမြှင့်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေး တိုးတက်မှုတို့တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်းကို ဖော်ပြခြင်းပင်ဖြစ်ပါကြောင်း၊ မကြာမီက မြန်မာနိုင်ငံတွင် သီတင်းကျွတ်ပွဲတော်ကို ကျင်းပခဲ့ပြီး လာမည့်ရက်သတ္တပတ်အတွင်း၌လည်း မိမိတို့အိန္ဒိယနိုင်ငံ၌ ဒီပါဝလီပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း၊ ထိုပွဲတော်နှစ်ရပ်လုံးမှာ မီးထွန်းပွဲတော်များဖြစ်ပြီး တစ်ခုနှင့်တစ်ခု ရောင်ပြန်ဟပ်သကဲ့သို့ အိန္ဒိယနှင့် မြန်မာလူမျိုးများ အတူတကွ ပေါင်းစည်းထားသည့် ဆွေမျိုးရင်းချာပမာ ရင်းနှီးသောဆက်ဆံရေး၏ရောင်ပြန်ဟပ်မှုတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မီးထွန်းပွဲတော်များ၏ ဖြစ်တည်မှုစိတ်ဓာတ်ဖြင့် သမိုင်းဝင်ပြီး အားရဖွယ်ကောင်းသည့် ယခုအခမ်းအနားသည် မိမိတို့၏ ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေကာ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းကို ဆက်လက်ထွန်းလင်းစေပါကြောင်း၊ အိန္ဒိယ-မြန်မာ ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ယနေ့အခမ်းအနားတွင် မိမိအနေဖြင့် အထူးဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကား ပြောကြားရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အိန္ဒိယနည်းပညာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ အသိပညာမျှဝေမှု၊ မိတ်ဖက်ထူထောင်မှု၊ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုရရှိရန်အတွက် လူ့စွမ်းအား အရင်းအမြစ်ပျိုးထောင်မှုမှ တစ်ဆင့် ဆောင်ရွက်မှုတို့အပေါ် ထားရှိသည့်သန္နိဋ္ဌာန်ကို ညွှန်ပြသည့် အမှတ်တံဆိပ်တစ်ခုအဖြစ် ကာလရှည်ကြာစွာ ရပ်တည်ဆောင်ရွက်နေသည့် အစီအစဉ်ကောင်းတစ်ခုဖြစ်သည်ကို ပြောကြားလိုကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယနိုင်ငံတို့အကြား မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် (Quick Impact Projects-QIPs) အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နားလည်မှုစာချွန်လွှာ လဲလှယ်စဉ်။

**အားရဝမ်းမြောက်ဖွယ်တွေ့ရှိရ**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ သံတမန် ဆက်ဆံရေးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းကြောင်း တစ်လျှောက် နှစ်နိုင်ငံအကြား အလွန်ထူးခြားသည့် ဆက်ဆံရေးနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လွတ်လပ်ရေးရရှိသည့် အချိန်မှစပြီး ထူထောင်ထားရှိနိုင်ခဲ့သည်ကို အားရဝမ်းမြောက်ဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသည့် တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံ ဖြစ်ကြောင်း၊ အိန္ဒိယအရှေ့မြောက်ဘက်တွင် ကုန်းတွင်းနယ်နိမိတ် ထိစပ်နေသကဲ့သို့ ဘင်္ဂလားပင်လယ်အော်တွင် ရေနယ်နိမိတ်ပါ ထိစပ်နေသည့်နိုင်ငံ ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ “အိမ်နီးချင်းဦးစားပေးဝါဒ **(Neigh - bourhood First Policy)**”နှင့် **“အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ (Act East Policy)”** တို့၏ ဆုံမှတ်တွင်တည်ရှိနေသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သံခင်းတမန်ခင်းတွင် အင်ဒို-ပစိဖိတ်ဒေသတွင်း အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှ ဒေသတို့အကြား အချက်အချာကျသည့် နေရာတွင် တည်ရှိနေပြီး တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးခြင်းကြောင့် အိန္ဒိယနိုင်ငံအတွက် အရေးပါသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

**စာမျက်နှာ ၅ သို့** ■






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ Ramayana အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

■ စာမျက်နှာ ၄ မှ

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် စတင်ထူထောင်မှု၏ နှစ် (၆၀)ပြည့် အခါသမယ အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်းနှင့်အတူ မိမိအနေဖြင့် အစီအစဉ်နှင့်ပတ်သက်သည့် အချက်အချို့ကို ဖော်ပြပြောကြားလိုကြောင်း၊ ယခုအစီအစဉ်ကို ၁၉၆၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် စတင်ခဲ့ရာမှ ယခုအခါ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများကို ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ တို့က ဝန်ထမ်းပေါင်း နှစ်သိန်းကျော်တို့ကို လေ့ကျင့်ပို့ချပေးနိုင်ခဲ့ပြီဟု သိရကြောင်း၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မြန်မာနိုင်ငံနှင့် ပြည်သူ့ဝန်ထမ်းများ၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုမြှင့်တင်ရေးအတွက်လည်း အရေးပါသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်များစွာအတွင်း မြန်မာနိုင်ငံ၏ ကဏ္ဍမျိုးစုံမှ ကျွမ်းကျင် ဝန်ထမ်းများအတွက် အကျိုးများစွာ ဖြစ်ထွန်းစေခဲ့ပြီး လေ့ကျင့်ရေး သင်တန်းများကိုလည်း ပို့ချပေးနိုင်ခဲ့ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှ ဘာသာရပ်အလိုက် ကာလတို၊ ကာလရှည်၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းများနှင့် သုတေသနအစီအစဉ်များ များစွာစီစဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပညာသင်ဆု ၉၀၀ ကျော် ကမ်းလှမ်းခဲ့သည်ဟု သိရှိရသည့်အတွက်လည်း အိန္ဒိယအစိုးရနှင့်တာဝန်ရှိသူများကို ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုကြောင်း၊ ထို့ပြင် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ မြန်မာနိုင်ငံ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး သင်တန်းများကို ယခင်ကပို့ချပေးခဲ့သည်ကိုလည်း သိရှိရကြောင်း။

**အကျိုးများစွာရှိ**

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ ဖွင့်လှစ်ပို့ချသည့်သင်တန်းများကို တက်ရောက်ပြီးမြောက်အောင်မြင်ခဲ့ကြသည့် မိမိတို့၏ ပြည်သူ့ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်တစ်တပ်တစ်အား အကျိုးရှိစေမည်ဖြစ်ကြောင်း၊ ယခုအခါ အဆင့်မြင့် တာဝန်များကို ထမ်းဆောင်နေသူများ ရှိလာပြီဖြစ်ကြောင်း၊ ၎င်းတို့တတ်ကျွမ်းမှတ်သားလာသည့် ကျွမ်းကျင်မှုနှင့် အသိပညာများနှင့်သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် တီထွင်ကြံဆမှုများနှင့် သုတေသနလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် အထောက်အပံ့ များစွာရရှိပြီး အကျိုးများစွာ ရှိသည်ကို ပြောကြားလိုကြောင်း၊ ထို့ပြင် မိမိတို့ မြန်မာ –အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးသည် နည်းပညာပူးပေါင်းဆောင်ရွက်မှုများမှာသာမက အခြားကဏ္ဍများတွင်လည်း တိုးတက်လျက်ရှိပြီး မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် နှစ်နိုင်ငံ၏ စီးပွားရေးကဏ္ဍအသီးသီးအတွက် အကျိုးပြုလျက်ရှိကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ သတ္တမမြောက်ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ စုစုပေါင်းကုန်သွယ်မှုပမာဏ အနေဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၅၀ ဒသမ ၁၈၁ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ရင်းနှီးမြှုပ်နှံမှုစာရင်းအရ အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည်အဆင့် ၁၁ တွင်ရှိနေကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏တန်ဖိုးအထားရဆုံး ကုန်သွယ်ဖက် နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက် တည်ရှိနေမည်ဟု မျှော်လင့်ယုံကြည်မိကြောင်း၊ ယခု အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် နှစ်နိုင်ငံအကြား ယုံကြည်မှု၊ ချစ်ကြည်မှု၊ အပြန်အလှန် လေးစားမှုနှင့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရေးတို့အတွက် မြဲမြံသည့် အုတ်မြစ်သဖွယ် လမ်းစဖော် မြှင့်တင်ပေးခဲ့သည်ဟုလည်း ဆိုနိုင်ကြောင်း။

**အရေးပါသည့်အင်အားစုဖြစ်**

အခွင့်အခါ ကြုံခိုက်တွင် ပြောကြားလိုသည်မှာ ရာဂီတိုင်ဖွန်းမုန်တိုင်း၏ ဆိုးရွားသည့် သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသည့် ဒေသများမှ ပြည်သူများအတွက် အိန္ဒိယအစိုးရက လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများနှင့်ကယ်ဆယ်ရေးအထောက်အပံ့များကို အလျင်အမြန်ဆုံး လှူဒါန်းပေးခဲ့သည့် အတွက် များစွာ ကျေးဇူးတင်ရှိသည်ကိုပြောကြားလိုကြောင်း၊ အိန္ဒိယနိုင်ငံသည် တကယ့်မိတ်ဆွေကောင်းအဖြစ် အရေးပေါ်အခြေအနေတွင် ကူညီပေးခြင်းသည် ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသမှုကို ထင်ဟပ်စေကြောင်း၊ အကယ်၍ မိမိတို့အနေဖြင့် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများနှင့် ကြိုတင်သတိပေးစနစ်တွင် အသုံးပြုနိုင်မည့် ပထဝီသတင်းအချက်အလက်နှင့် အဝေးအာရုံခံစနစ် (Geographic Information (GIS) and remote sensing) စသည့် နည်းပညာများ ဆိုင်ရာသင်တန်းများ တက်ရောက် လေ့လာပံ့ပိုးမှုများ ရရှိထားခဲ့မည်ဆိုပါက ပျက်စီးဆုံးရှုံးမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု (South–South Cooperation) ဆိုသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုအတွက် အရေးပါသည့် အင်အားစုဖြစ်သည်ဟု ရှုမြင်ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နှစ် (၆၀) ပြည့် အောင်မြင်မှုကို ဂုဏ်ပြုသည့် ယနေ့အစီအစဉ်မှသည် နောင်လာမည့်နှစ်များတွင် ပိုမိုကြီးမားသော

စာမျက်နှာ ၆ သို့ ■




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် (၆၀) ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**✻ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ ဖွင့်လှစ်ပို့ချသည့် သင်တန်းများကို တက်ရောက်ပြီးမြောက်အောင်မြင်ခဲ့ကြသည့် မိမိတို့၏ ပြည်သူ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်တပ်တစ်အား အကျိုးရှိစေမည်**

**✻ ယခုအခါ အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နေသူများရှိလာပြီဖြစ်ကြောင်း၊ ၎င်းတို့ တတ်ကျွမ်းမှတ်သားလာသည့် ကျွမ်းကျင်မှုနှင့် အသိပညာများနှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် တီထွင်ကြံဆမှုများနှင့် သုတေသနလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် အထောက်အပံ့များစွာရရှိပြီး အကျိုးများစွာရှိသည်ကို ပြောကြားလို**

ကြေးမုံ



■ စာမျက်နှာ ၅ မှ

အောင်မြင်မှုများရရှိပါစေကြောင်းကို ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန် လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တူညီသည့် မျှော်မှန်းချက်များကို အခြေပြုပြီး မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းအဖြစ် ရပ်တည်ဆက်ဆံဆောင်ရွက်ရေးတို့သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ခိုင်မြဲလာမည်ဟု ယုံကြည်ထားပါကြောင်းပြောကြားသည်။

**နားလည်မှုစာချွန်လွှာ လဲလှယ်**

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အိန္ဒိယနိုင်ငံတို့အကြား မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် (Quick Impact Projects-QIPs) အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နားလည်မှုစာချွန်လွှာ လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဒစ်ဂျစ်တယ် မှုခင်းသိပ္ပံဓာတ်ခွဲခန်း အဆင့်မြှင့်တင်ရေးစီမံချက်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းအတွက် သင်ကြားရေး အထောက်အကူပြု ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်းစီမံချက်၊ မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဒေသရှိ မိုးခေါင်ရေရှားမှုကြုံတွေ့နေရသည့်ကျေးရွာများ၌ ဆိုလာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် (၆၀) ပြည့် အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

စွမ်းအင်အသုံးပြု၍ ကျေးလက်ရေထောက်ပံ့ရေးစီမံချက်၊ ရန်ကုန်နည်းပညာ တက္ကသိုလ်တွင် အသိဉာဏ်တုဆိုင်ရာ ဓာတ်ခွဲခန်း တည်ဆောက်ခြင်းစီမံချက်၊ မြန်မာ့ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများဖြင့် နေးကွေးသော Pyrolysis ပြုလုပ်ပြီး ကတ္တရာကင်းစင်ပြီး ခြောက်သွေ့သော ဓာတ်ငွေ့အမျိုးအစား ရေပလတ်စတစ် Pyrolysis ဖြစ်စဉ်များမှရရှိသော လောင်စာများအား ပေါင်းစပ်သုံးစွဲခြင်း ဖြစ်စဉ်အား စမ်းသပ်လေ့လာခြင်း စီမံချက် စသည့် နားလည်မှုစာချွန်လွှာများကို မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံသံရုံး ဒုတိယအကြီးအကဲတို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur တို့အား သက်သေထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရှေ့မှောက်တွင် လဲလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆွာမိ ဝိဝေခနန္ဒာ ယဉ်ကျေးမှုစင်တာ (Swami Vivekananda Cultural Centre – SVCC)မှ ကျောင်းသား ကျောင်းသူများ၊ Ramayana အကအဖွဲ့တို့က အိန္ဒိယယဉ်ကျေးမှုအကအလှများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက Ramayana အက၊ မြန်မာ့ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အိန္ဒိယနည်းပညာနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(India Technical and Economic Cooperation) ITEC သင်တန်းသားဟောင်းများက အတွေ့အကြုံများ မျှဝေရှင်းလင်းကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နေပြည်တော်၌ ကျင်းပလျက်ရှိရာ ညီလာခံပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၊ ပတ္တမြားခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ညီလာခံပိတ်ပွဲအခမ်းအနားသို့ အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲချုပ်များ၊ အဆင့်မြင့်ရဲအရာရှိကြီးများ၊ ၎င်းတို့၏ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Dialo-gue Partners)ဖြစ်သည့် ရုရှား၊ ဩစတြေးလျ၊ တရုတ်၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ လေ့လာဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ




အာဆီယံရဲအဖွဲ့အထိမ်းအမှတ် ကမ္ဘည်းပြားကို (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းတော်ဝင် ရဲအဖွဲ့သို့ လွှဲပြောင်းပေးအပ်စဉ်။

(Observers)ဖြစ်သည့် တီမောလက်စ်တေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညီလာခံ ပိတ်ပွဲအခမ်းအနားတွင် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ၏ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခြင်း၊ အာဆီယံရဲအဖွဲ့အထိမ်းအမှတ် ကမ္ဘည်းပြားကို (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းတော်ဝင်ရဲအဖွဲ့သို့ လွှဲပြောင်းပေးခြင်း၊ ထိုင်းတော်ဝင်ရဲအဖွဲ့၏ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က ဝမ်းမြောက်ကြိုဆိုကြောင်း ပြောကြားခြင်းနှင့် ထိုင်းနိုင်ငံ၏ သဘာဝ အလှတရားများကို ဖော်ကျူးထားသည့် ဗီဒီယိုအား ပြသခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ညီလာခံအပိတ်မိန့်ခွန်း ပြောကြားခြင်းတို့ ဆောင်ရွက်ကြပြီး ညပိုင်းတွင် နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

**အောင်မြင်စွာ လက်ခံကျင်းပ**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံအား နေပြည်တော်တွင် အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ညီလာခံကျင်းပစဉ်ကာလအတွင်း အောက်တိုဘာ ၂၃ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လာအိုနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲအဖွဲ့တို့အကြား သီးခြားတွေ့ဆုံ၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ဆွေးနွေးခြင်း၊ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ လက်ရှိအိမ်ရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ၂၀၂၅ ခုနှစ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ထိုင်းတော်ဝင် ရဲအဖွဲ့တို့အကြား ချစ်ကြည်ရေး ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပခြင်း၊ ဧည့်သည်တော်များ၏ ဇနီးများအတွက် နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ အထင်ကရနေရာများသို့ လိုက်လံပို့ဆောင်သည့် အစီအစဉ်အဖြစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်လေ့လာခြင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင် ရှုခင်းများအား ကြည့်ရှုလေ့လာခြင်း၊ ဒုတိယအကြိမ် စုံညီအစည်းအဝေးကျင်းပခြင်းနှင့် ညီလာခံပိတ်ပွဲအခမ်းအနားပြီးစီးချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံအား အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပ ပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်ရက် ထပ်မံတိုးမြှင့်ခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် **"အဂတိပယ်ခွာ ပြည်သာယာ"** ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးများကိုပြိုင်ပွဲဝင်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲဝင်လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၃၀-၁၀-၂၀၂၄ ရက်နေ့ဟု သတ်မှတ်ခဲ့ပါသည်။ ယခုအခါ လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၁၀-၁၁-၂၀၂၄ ရက်နေ့အထိ ထပ်မံတိုးမြှင့်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ

# ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ်၊ ၇/ ၂၀၂၄**

**၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)**

**ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊**
**ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့်**
**ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေ ၂ နည်းဥပဒေခွဲ(ခ)အရ ထိန်းချုပ် ဓာတုပစ္စည်းအား ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းသို့ သယ်ဆောင် ခြင်းနှင့် သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ပြုရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာ စာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်။

၁။ **အခွင့်ရအရောင်းကိုယ်စားလှယ်(Authorized Dealer)ရသည့် ကုမ္ပဏီတွင် ရှိသင့်သည့် စံသတ်မှတ်ချက်များ(Criteria)**

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ် ရရှိပြီးသော ကုမ္ပဏီဖြစ်ရမည်။

(ခ) တင်သွင်းမည့် ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအမည်နှင့် အလေးချိန်၊ ထုတ်လုပ်သည့် ပြည်ပကုမ္ပဏီထံမှ အခွင့်ရ အရောင်းကိုယ်စားလှယ်(Authorized Dealer) အထောက် အထား စာရွက်စာတမ်း၊ လက်မှတ်မူရင်း တင်ပြနိုင်သူ ဖြစ်ရမည်။

(ဂ) ထုတ်လုပ်သည့် ပြည်ပကုမ္ပဏီထံမှ ရယူတင်ပြသော အခွင့်ရအရောင်းကိုယ်စားလှယ်(Authorized Dealer) ၏ အထောက်အထား စာရွက်စာတမ်း၊ လက်မှတ်မူရင်းတို့ တွင် သက်ဆိုင်ရာနိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့(Law Enforcement)ထံမှ ဥပဒေနှင့်အညီ ခွင့်ပြုထားသော ပစ္စည်းဖြစ်ကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာသံရုံး၏ မှန်ကန်ကြောင်း အထောက်အထား ပူးတွဲတင်ပြနိုင်ရမည်။

(ဃ) တင်သွင်းသည့် ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအစားအလိုက် အမှတ်တံဆိပ်ကို တင်သွင်းသည့်နိုင်ငံတွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ရရှိပြီးဖြစ်ရမည်။

(င) မြန်မာနိုင်ငံ သွင်းကုန်ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သော ကုမ္ပဏီဖြစ်ရမည်။

(စ) ပြည်တွင်းအခွန်ဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း သို့မဟုတ် အခွန်အပြည့်အဝ ပေးဆောင်ပြီးကြောင်း အထောက်အထားနှင့်တကွ တင်ပြရမည်။

(ဆ) အခွင့်ရအရောင်းကိုယ်စားလှယ်(Authorized Dealer) မရရှိသည့် ကုမ္ပဏီအနေဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်တွင်း ပြန်လည်ရောင်းချသုံးစွဲရန် မူပိုင်ခွင့်ရရှိသည့် ကုမ္ပဏီမှ တစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဝယ်ယူဆောင်ရွက် နိုင်သည်။

(ဇ) ထိန်းချုပ်ဓာတုပစ္စည်း ပြည်ပမှတင်သွင်းခွင့် လျှောက်ထား ရာတွင် ပါရှိရမည့် စာရွက်စာတမ်းများအပြင် သိုလှောင် ခြင်း သို့မဟုတ် သယ်ဆောင်ခြင်းတို့အတွက် မလိုလားအပ် သော ဘေးအန္တရာယ်နှင့် ဘေးထွက်ဆိုးကျိုးများမရှိစေရေး လုံခြုံရေးအစီအမံများ စနစ်တကျဆောင်ရွက်ထားသည့် အထောက်အထားများ တစ်ပါတည်းတင်ပြရမည်။

(ဈ) ပြည်တွင်းထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် ထိန်းချုပ်ဓာတု ပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၂။ **ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း ဆောင်ရွက်ရာ တွင် ရှိသင့်သည့် စံသတ်မှတ်ချက်များ(Criteria)**

(က) နိုင်ငံတကာသတ်မှတ်ထားသော စံချိန်၊ စံညွှန်းပြည့်မီသည့် နေရာနှင့် သိုလှောင်ရုံအဆင့် ရှိရမည်။

(ခ) သိုလှောင်ရုံသည် ပြည်သူ့ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ခွင့်ပြုသော သီးသန့်ဇုန်တွင် တည်ရှိရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့ တို့မှ ဘေးအန္တရာယ်နှင့် လုံခြုံရေးဆိုင်ရာ စိစစ်ထောက်ခံ ချက် ပါရှိရမည်။

(ဃ) ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်ရုံတွင် မမျှော်မှန်းနိုင် သည့် အရေးပေါ်ကိစ္စများ ဖြစ်ပေါ်လာပါက အချိန်မီထိန်းချုပ် နိုင်ရေးအတွက် အရေးပေါ်ထိန်းချုပ်ဓာတုပစ္စည်းဆိုင်ရာ ကျွမ်းကျင်သင်တန်း တက်ရောက်ထားပြီးသော ဂိုဒေါင် လုံခြုံရေးဝန်ထမ်းများဖြင့် စနစ်တကျ ဆောင်ရွက်ရမည်။

(င) သိုလှောင်ရုံအတွင်း အရေးပေါ်ဖြစ်စဉ် ပေါ်ပေါက်ပါက တုံ့ပြန်ထိန်းချုပ်နိုင်ရေး မီးစနစ်၊ ရေစနစ်၊ လေဝင်၊ လေထွက်စနစ်များ အမြဲကောင်းမွန်စေရေး စစ်ဆေး ကြပ်မတ်နေရမည်။

(စ) သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ တွင် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများပါ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ လိုက်နာရမည်။

(ဆ) သက်ဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့များက ထိန်းချုပ်ဓာတုပစ္စည်းသိုလှောင်ရုံ များသို့ လာရောက်စစ်ဆေးခြင်းကို ကုမ္ပဏီတာဝန်ရှိသူများ ကခွင့်ပြု၍ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက် ရမည်။

၃။ **ထိန်းချုပ်ဓာတုပစ္စည်း သယ်ဆောင်ခြင်း ဆောင်ရွက်ရာတွင် ရှိသင့်သည့် စံသတ်မှတ်ချက်များ(Criteria)**

(က) ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအစားအလိုက် နိုင်ငံတကာ သတ်မှတ် စံချိန်၊ စံညွှန်းမီသော သယ်ယူပို့ဆောင်ရေး ယာဉ်အမျိုးအစားဖြင့်သာ သယ်ဆောင်ရမည်။

(ခ) ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုချက် ပုံစံ(၁၀)မူရင်း တစ်ပါတည်း ပါရှိရမည်။

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့ပါရှိရမည်။

(ဃ) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၏ သတ်မှတ်ခွင့်ပြုသည့် လုပ်ငန်း လိုင်စင်ရရှိပြီးသော မော်တော်ယာဉ် ဖြစ်ရမည်။

(င) ထိန်းချုပ်ဓာတုပစ္စည်းသယ်ဆောင်မည့် မော်တော်ယာဉ်၏ ယာဉ်မောင်းသည် “င”ယာဉ်မောင်းလိုင်စင်ကိုလည်း ကောင်း၊ ယာဉ်နောက်လိုက်သည် ယာဉ်အကူလိုင်စင်ကို လည်းကောင်း ရရှိပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အန္တရာယ်ရှိသော ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လိုက်နာရမည့် ရှောင်ရန်နှင့် ဆောင်ရန်အချက်များကို သိရှိလိုက်နာသူ ဖြစ်ရမည်။

(စ) ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအစားအလိုက် သိုလှောင်မှုနှင့် သယ်ဆောင်မှုစနစ်များအတိုင်း စနစ်တကျလိုက်နာရမည်။

**ဥက္ကဋ္ဌ**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများအန္တရာယ်**
**တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

# မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေများကိုလေ့လာခြင်း သုတေသန(၂၀၂၄) ဆောင်ရွက်ရန် သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေလေ့လာခြင်း သုတေသန(၂၀၂၄) (STEPS Survey–2024)ဆောင်ရွက်ရန် သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန သင်တန်းကျောင်း၌ ကျင်းပသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

သင်တန်းဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွင်း မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၂၇)ကို ရေးဆွဲပြီး ရောဂါကာကွယ်ကုသရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း၊ ကျေးလက်ဒေသ အောက်ခြေအထိ



မကူးစက်နိုင်သောရောဂါများဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုများကို လက်လှမ်းမီစေရေးအတွက် ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှု ဆေးခန်းများကို ကျေးလက်ကျန်းမာရေးဌာနများတွင် အပတ်စဉ်ဖွင့်လှစ်ထားရှိပြီး လိုအပ်သော အခြေခံ ဆေးများနှင့်ဆေးပစ္စည်းများကို ဝယ်ယူပံ့ပိုးပေးလျက် ရှိကြောင်း၊ STEPS Survey ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူလူထုအတွင်း မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးအတွက် များစွာအထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**သုံးသုတ်ခွဲ၍ ဆောင်ရွက်သွားမည်**

သင်တန်းဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်တို့မှ သင်တန်းဆရာ များ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင်တန်းသား များ တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂ ရက်အတွင်း သုံးသုတ်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် STEPS Survey (၂၀၂၄)ကို တိုင်းဒေသကြီး/ပြည်နယ် ၁၃ ခုတွင် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်း




ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ တော်ဝင်ရုပ်စုံသဘင်စင်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ထာဝရမျိုးလေး(ခ) မျိုးမင်းထွန်း ကပြယှဉ်ပြိုင်ဟန်။




အရေးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးသီဟ "မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။



မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မင်းနိုင်စိုး ဇာတ်အဖွဲ့ ယှဉ်ပြိုင်စဉ်။




မဟာဂီတအဆိုပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲဝင့်လှိုင် ခွာပြာသင်း(ပတ်ပျိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




စောင်းအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးချမ်းသာ "ထောင်ရောင်နေ"(သီချင်းခံ)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




မဟာဂီတအဆိုပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ဒေါ်ကြူကြူခိုင် "စိန်မြရံခြယ်"(မွန်) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမျိုးသက်(ခ) ဘိသိက်ဇော်လင်း "မဟာသုတသောမဇာတ်တော်"ဖြင့် ဟောပြောယှဉ်ပြိုင်စဉ်။




ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဆန်းမျိုး(ခ) အောင်ကျော်မျိုးနှင့်အဖွဲ့ ဤသို့တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။




အကပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ ဒေါ်ကြူကြူဝင်း(ခ)အေးချမ်းငြိမ်း ကပြယှဉ်ပြိုင်စဉ်။




ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်စွမ်းမင်းထက် ယှဉ်ပြိုင်စဉ်။



မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပူးတွဲပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ရွှေရန်ကုန်တိုင်းဇာတ်အလှသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

# ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

ကမ္ဘာ့မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် (Global Media and Information Literacy Week) အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဇေယျာသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့မှ အခြေခံပညာအထက်တန်းကျောင်းများနှင့် ခေတ်ရှေ့ဆောင်ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ဝေဖန်သုံးသပ်ခွဲခြားသည့် ပညာပေးမှတ်တမ်းဗီဒီယိုများကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နှစ်စဉ်အောက်တိုဘာလ၏စတုတ္ထပတ်ကို ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ်အဖြစ် UNESCO က ဦးဆောင်၍ ၂၀၁၂ ခုနှစ်ကတည်းက ကမ္ဘာတစ်ဝန်း ကျင်းပလာခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ အခမ်းအနားကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်သူများအားလုံးအတွက် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ သတင်းရယူမှုအခြေအနေတိုးမြင့်လာစေရန်နှင့် မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ဂုဏ်ပြုရန်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထု၏ အသိပညာများမြှင့်တင်ရေး စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

၂၀၂၄ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်၏ ဆောင်ပုဒ်သည် “The New Digital Frontiers of Information: Media and Information Literacy for Public Interest Information” “သတင်းအချက်အလက် ဒစ်ဂျစ်တယ်နယ်နိမိတ်အသစ်၊ ပြည်သူ့အကျိုးစီးပွား သတင်းအချက်အလက်အတွက် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု” ဖြစ်ပြီး အခမ်းအနားနှင့် ပတ်သက်သည့် လှုပ်ရှား ဆောင်ရွက်မှုများကို အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



ဆိုရှယ်မီဒီယာကို အကျိုးရှိရှိ အသုံးချစေလိုကြောင်း၊ ရှေ့ဆက်ရမည့်ဘဝကိုလည်း စာပေ၊ အသိပညာ၊ အတတ်ပညာများဖြင့် ဖြတ်သန်းစေလိုကြောင်း၊ စာများများ ဖတ်စေလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း လူငယ်များကို တန်ဖိုးထား၊ အလေးထားပါကြောင်း၊ လူငယ်ကဏ္ဍသည် အရေးကြီးသည့်အတွက် ခေတ်မီနည်းပညာများကို ကျွမ်းကျင်တတ်မြောက်ကြစေ လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အသိပညာပေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးမည့် ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ကြီးကြပ်ဆရာ ဆရာမများအား မီဒီယာနှင့် သတင်းအချက်အလက် ဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲကို “မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု အရေးပါပုံ” ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ ဒေါက်တာတင်ဘုန်းကျော်က ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး ဒေါက်တာကျော်ကျော်လင်း၊ စာရေးဆရာမဒေါ်သက်သက်နွယ် (သက်သက်နွယ်- ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ဝင့်အေး(တရားလွှတ်တော်ရှေ့နေ)တို့က Artificial Intelligence (AI) နည်းပညာ ဖြစ်ပေါ်လာပုံ၊ နည်းပညာ၏ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးနိုင်မှု၊ စိန်ခေါ်မှုများ၊ AI နည်းပညာနှင့် မီဒီယာဆက်စပ်မှု၊ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့စေသည့် လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ ဆက်သွယ်ရေးဥပဒေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး **(အပေါ်ပုံ)** ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုအရေးပါပုံနှင့်စပ်လျဉ်း၍ အပြန်အလှန်မေးခွန်းများ မေးမြန်းဖြေကြားကြရာ ဆုရရှိသူများအား ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ပါဝင်ဆွေးနွေးသည့် ဆရာ ဆရာမများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ကြီးကြပ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကံစမ်းမဲများ ဖောက်ပေးခဲ့သည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အောင်ပွဲရပြိုင်ပွဲဝင်များအား ဂုဏ်ပြုပွဲကျင်းပ

**မုံရွာ အောက်တိုဘာ ၂၄**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အောင်ပွဲရပြိုင်ပွဲဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးအနေဖြင့် ရရှိသည့်ဆုတံဆိပ်များမှာ ယမန်နှစ်ကထက် ရွှေတံဆိပ် ၁၆ ဆု ပိုမိုရရှိသည့်အတွက် ယမန်နှစ်အဆင့်(၅)နေရာမှ ယခုနှစ်တွင် အဆင့်(၂)နေရာအထိ တက်လှမ်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆုရရှိကြသူများအား ဂုဏ်ပြုဆုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊




စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၏ဇနီးနှင့် တာဝန်ရှိသူများက ဆုရရှိကြသည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် အခမ်းအနားသို့တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အောင်ပွဲရပြိုင်ပွဲဝင်များနှင့် အခမ်းအနားတက်ရောက်လာသူများအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။

အဆိုပါ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် စုစုပေါင်း ၂၅၀ ဖြင့် ပွဲစဉ်ပေါင်း ၈၉ ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၆ ဆု၊ ငွေတံဆိပ် ၂၁ ဆု၊ ကြေးတံဆိပ် ၁၆ ဆု စုစုပေါင်း ဆုတံဆိပ် ၆၃ ဆု ရရှိခဲ့ပြီး နိုင်ငံတော်အဆင့်တွင် အဆင့်(၂)နေရာရရှိခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

○ ရာဖင်ဟာမှ

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ရာဖင်ဟာက ပွဲကစားချိန် တစ်မိနစ်၊ ၄၅ မိနစ်နဲ့ ၅၆ မိနစ်တို့မှာ ဟက်ထရစ်သွင်းဂိုးနဲ့ ၃၆ မိနစ်မှာ လီဝန်ဒိုစကီးက တစ်ဂိုးသွင်းယူပေးခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲကစားချိန် ၁၈ မိနစ်မှာ ဟယ်ရီကိန်းက သွင်းယူပေးခဲ့တာပါ။

ဘာစီလိုနာအသင်းအတွက် ဟက်ထရစ် သွင်းယူပေးခဲ့တဲ့ ဘရာဇီးတောင်ပံကစားသမား ရာဖင်ဟာအနေနဲ့ ယခုဘောလုံးရာသီပွဲစဉ် ၁၃ ပွဲမှာ သွင်းဂိုးကိုးဂိုးအထိရှိလာခဲ့ပြီး နည်းပြဟန်ဆီဖလစ်ကလည်း ရာဖင်ဟာရဲ့ ခြေစွမ်းပြကစားနိုင်မှုအတွက် ဝမ်းမြောက်နေပါတယ်။ ဘာစီလိုနာအသင်းက ရာဖင်ဟာကို ၂၀၂၂ ခုနှစ်က ပေါင် ၅၅ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဘိုင်ယန်မြူးနစ်ကို အနိုင်ရခဲ့လို့ သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ရမှတ် ခြောက်မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိချန်ပီယံလိဂ်အမှတ်ပေးဇယားမှာ ပရီမီယာလိဂ်အသင်းတွေဖြစ်တဲ့ အက်စ်တွန်ဗီလာအသင်း၊ လီဗာပူးအသင်းနဲ့မန်စီးတီးအသင်းတို့က အဆင့်(၁)၊ (၂)၊ (၃)နေရာတို့မှာ အသီးသီးရပ်တည်နေတာ ဖြစ်ပါတယ်။

အောက်တိုဘာ ၂၃ ရက် ညပိုင်းနဲ့ ၂၄ ရက် နံနက်ပိုင်းတို့မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသောချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ လိုင်လီအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဖီယင်နုအသင်းက ဘင်ဖီကာအသင်းကိုသုံးဂိုး-တစ်ဂိုး၊မန်စီးတီးအသင်းက စပါတာပရက်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ လီဗာပူးအသင်းက လိုက်ပ်ဇစ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဒိုင်နမိုဇာဂရက်အသင်းက ဆဲလ်ဘတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အင်တာမီလန်အသင်းက ယန်းဘွိုင်းစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အတ္တလန္တာအသင်းနဲ့ ဆဲလ်တစ်အသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ဘရက်စ်အသင်းနဲ့ လေဗာကူဆင်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ ရလဒ်အသီးသီး ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ဂဟေဆက်သင်တန်းအမှတ်စဉ်(၄/၂၀၂၄)နှင့် လေအေးပေးစက် တပ်ဆင်/ပြုပြင်ခြင်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

ဂဟေဆက်သင်တန်း အမှတ်စဉ်(၄/၂၀၂၄)နှင့် လေအေးပေးစက် တပ်ဆင်/ပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်း ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာန အနေဖြင့် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ပြီး လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း။

ယခုသင်တန်းတွင် ပါဝင်တက်ရောက်ကြမည့် သင်တန်းသား လူငယ်များအနေဖြင့် လုပ်ငန်းဆိုင်ရာ စာတွေ့အသိပညာ ဗဟုသုတများနှင့် လက်တွေ့ ကျွမ်းကျင်မှုများကို စနစ်တကျ လေ့လာဆောင်ရွက်ကြရန်နှင့် သင်တန်းပြီးမြောက်ချိန်တွင် လက်တွေ့လုပ်ငန်းခွင်များ၌ ပြန်လည်အသုံးချ လုပ်ကိုင် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံစက်မှုဇုန်ရှိ ASIA OPTICAL စက်ရုံသို့ ရောက်ရှိပြီး စက်ရုံတွင်း လှည့်လည်ကြည့်ရှု၍ အလုပ်သမားများ လုပ်ငန်းခွင်အတွင်း အေးချမ်းစွာ လုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းသို့သွားရောက်၍ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအားတွေ့ဆုံကာ သွားရောက်မည့်နိုင်ငံများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများ၊ လုပ်ငန်းခွင်အတွင်း ဆောင်ရန်/ရှောင်ရန်အချက်များ သင်ကြားပို့ချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)တွင် ကျင်းပသည်။

ကြိုဆိုဂုဏ်ပြုပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရန်ကုန်တိုင်းဒေသကြီး အနေဖြင့် ပြိုင်ပွဲဝင် ဘာသာရပ် ၂၉ မျိုးတွင် ပြိုင်ပွဲဝင် ၂၈၅ ဦး၊ ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် ၃၉၄ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် ရွှေတံဆိပ်ဆု ၆၅ ခု၊ ငွေတံဆိပ်ဆု ၄၃ ခု၊ ကြေးတံဆိပ်ဆု ၁၉ ခု၊ အထူးဆုတစ်ဆုဖြင့် စုစုပေါင်းဆုတံဆိပ် ၁၂၈ ခု ဆွတ်ခူးရရှိခဲ့ရာ အဆင့်(၁) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

တိုင်းဒေသကြီး ပြိုင်ပွဲကျင်းပရေးနှင့် အောင်နိုင်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင် ဦးဆောင်သည့် ပြိုင်ပွဲဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကာ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် ပံ့ပိုးသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၁၀၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၄

နတ်တလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နတ်တလင်းမြို့ တာပွန်တောင်ပိုင်း(၂)ရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်) ဖြစ်သူ တပ်သားဉာဏ်အေး(အငြိမ်းစား) အသက် ၁၀၁ နှစ်အား ဂါရဝပြုထောက်ပံ့ငွေများကို ယနေ့နံနက်ပိုင်းက သွားရောက်ပေးအပ်ကြသည်။

ဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တပ်သားဉာဏ်အေး(အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် နတ်တလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကို ဂါရဝပြုထောက်ပံ့ပေးအပ်ကြသည်။

အလားတူ ပေါင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကဒုံစီးရပ်ကွက်နေ တပ်သား ချစ်လှ (အငြိမ်းစား) အသက် ၁၀၂ နှစ်အား ဂါရဝပြုထောက်ပံ့ငွေများ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



# ညောင်လေးပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ညောင်လေးပင် အောက်တိုဘာ ၂၄

လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဇီးကုန်းကြီးကျေးရွာ တောင်သူဦးစိုးတင့်၏ YSR-1 မိုးစပါးစိုက်ကေ ရှစ်ကေ၌ ကျင်းပခဲ့ကြသည်၊



မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က မိုးစပါးစံကွက်ရိတ်သိမ်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်သူများက စံကွက်များကို စုပေါင်းရိတ်သိမ်းကြသည်၊

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ညောင်လေးပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးနိုင်နှင့် မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။ ရပ်/ကျေးအဖွဲ့ဝင်များ၊ တောင်သူများစုပေါင်း၍ စံကွက် ကောင်း/သင့်/ညံ့ အကွက်များကို ရိတ်သိမ်းခဲ့ကြရာ တစ်ကေလျှင် ပျမ်းမျှ အစိုအထွက်နှုန်း ၁၆၀ ဒသမ ၇၅ တင်း ထွက်ရှိခဲ့ပြီး အခြောက်အထွက်နှုန်း ၁၄၂ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း သိရသည်။ နေလင်း (ညောင်လေးပင်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**ရေချွေတာရေး နည်းလမ်းများ**

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင်ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပ






**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ကျင်းပလျက်ရှိသည်။

ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပသည့် (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၌ (၄၅) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေး ဝန်ကြီး H.E Hon. Datuk Seri Haji Mohamad Bin Sabu နှင့် အိမ်ရှင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်တို့က အဖွင့်အမှာစကားများပြောကြားကြသည်။

ထို့နောက် မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးဝန်ကြီးဌာန ဝန်ကြီးက မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ (၄၆)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ သဘာပတိတာဝန်များကို လွှဲပြောင်းပေးအပ်သည်။

အစည်းအဝေးပထမနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တီမောလက်စ်တေနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ အဓိကလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ရေရှည်တည်တံ့သောစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်၊ သီးနှံအကြွင်းအကျန်များမီးရှို့ရှင်းလင်းခြင်း လျှော့ချနိုင်ရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်များ၊ အန္တရာယ်ဖြစ်စေနိုင်မည့် စိုက်ပျိုးရေးဆိုင်ရာဓာတုပစ္စည်းများ အသုံးပြုခြင်းကို လျှော့ချနိုင်မည့်လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေရေး သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်းများ၊ အပြာရောင်အဏ္ဏဝါစီးပွားရေးစနစ်ဖော်ဆောင်ရေးလုပ်ငန်းများ၊ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုနိုင်ရေးနှင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံအသီးသီးမှ ဝန်ကြီးများက အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာမဟာဗျူဟာလုပ်ငန်းစဉ်တွင် ပါဝင်သောလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ အဓိကလုပ်ငန်းစဉ် ၁၆ ခု၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့စဉ်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် စီးပွားရေးနှင့် သက်ဆိုင်ရာဦးစားပေးလုပ်ငန်းစဉ် နှစ်ခုနှင့် မလေးရှားနိုင်ငံမှဆောင်ရွက်မည့် စီးပွားရေးနှင့် သက်ဆိုင်ရာ ဦးစားပေးလုပ်ငန်းစဉ် တစ်ခုတို့ကို အတည်ပြုခြင်း၊ လုပ်ငန်းရပ် (၁၁) ခုကို မှတ်တမ်းတင်ခဲ့ခြင်းနှင့် အာဆီယံအသိုက်အဝန်း ၂၀၄၅ ၏ မျှော်မှန်းချက်နှင့် ကိုက်ညီမှုရှိသည့် အာဆီယံစိုက်ပျိုးရေး၊ စားရေရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာမဟာဗျူဟာလုပ်ငန်းစဉ် ၂၀၂၆-၂၀၃၀ ရေးဆွဲရာတွင် ထည့်သွင်းရမည့် အဓိကလုပ်ငန်းစဉ်များနှင့် လုပ်ငန်းရပ်များအပေါ် လမ်းညွှန်မှုပြုခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ဆောင်ရွက်စဉ် ကာလအတွင်း "အာဆီယံနိုင်ငံများတွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ရန် သီးနှံအကြွင်းအကျန်များဆိုင်ရာအချက်အလက်များအပေါ် လေ့လာဆန်းစစ်၍ ဇီဝမီးသွေးထုတ်လုပ်နိုင်ရေးစီမံကိန်း"ကို အဆိုပြုခဲ့သည်။ အစည်းအဝေးတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သော ERIA၊ CropLife Asia၊ US-ASEAN Business Council၊ EU-ASEAN Business Council တို့ကလည်း ပါဝင်ဆွေးနွေးခဲ့ကြပြီး (၄၆) ကြိမ်မြောက်အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကိုလည်း အတည်ပြုခဲ့ကြသည်။

ဝန်ကြီးများအစည်းအဝေးများမတိုင်မီ ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးများဖြစ်သည့် (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးအတွက် အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံအပေါင်းသုံးနိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများအစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများအစည်းအဝေးများကို အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိဖြစ်သူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက အစည်းအဝေးများ၏သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အာဆီယံအပေါင်းသုံးနိုင်ငံအစည်းအဝေးများနှင့် အာဆီယံအပေါင်း အိန္ဒိယအစည်းအဝေးများကို အောက်တိုဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်ကို လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား အစဉ်အလာရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြင့်တင်ခိုင်မာရေးနှင့် နှစ်နိုင်ငံအပြန်အလှန်အကျိုးရှိမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုပြိုင်ပွဲများ ကျင်းပ

**ဒိုက်ဦး အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အောင်ရတနာခန်းမ၌ အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်အတွက် အကြိုပြိုင်ပွဲများ ဆက်လက်ကျင်းပလျက်ရှိသည်။



ထိုသို့ကျင်းပလျက်ရှိရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့်ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့ ယှဉ်ပြိုင်ကြပြီး ဒိုက်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ပညာရေးမှူးနှင့် ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကျော်ကျော်(ပြန်/ဆက်)**

**ပေါင် အောက်တိုဘာ ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမ အသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းနာယက ဦးမြင့်အောင်က အမှာစကား ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် မွန်ပြည်နယ် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးစိုးတင့်တို့က ဆွေးနွေးခဲ့ကြသည်။

# ပေါင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကျင်းပ



ထို့အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသည့် အသင်းသားများ၏ သားသမီးများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြပြီး အသင်းဝင်များဆန္ဒအရ အမှုဆောင်အသစ် ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

# ကလေးငယ်များ ပိုလီယိုရောဂါကင်းစင်သည့် အနာဂတ်ပိုင်ဆိုင်ရေးအတွက် အာမခံကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ပြောကြား

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၂၄**

ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါကင်းစင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းလျက်ရှိပြီး ကလေးငယ်များ ပိုလီယိုရောဂါကင်းစင်သည့် အနာဂတ်ပိုင်ဆိုင်ရေးအတွက် အာမခံကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ဇ်ရှာရစ်ဖ်က ယနေ့ ပြောကြားသည်။

အောက်တိုဘာ ၂၄ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပိုလီယိုနေ့တွင် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ဇ်ရှာရစ်ဖ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ထို့ပြင် ပါကစ္စတန်အစိုးရသည် ပိုလီယိုပပျောက်ရေးအတွက် ကမ္ဘာ့အသိုက်အဝန်းနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်းလည်း ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့နှင့် Bill & Melinda Gates ဖောင်ဒေးရှင်းတို့ကဲ့သို့ နိုင်ငံတကာလုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ပါကစ္စတန်နိုင်ငံသည် ပိုလီယိုရောဂါကင်းစင်ပပျောက်ရေး ဆောင်ရွက်ရာတွင် သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှုများ ရရှိခဲ့ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လုံခြုံရေးစိုးရိမ်မှု၊ သတင်းမှားများနှင့် ဝေးလံခေါင်ဖျားသောဒေသများသို့ ရောက်ရှိရန် အခက်အခဲများနှင့် စိန်ခေါ်မှုများရှိနေသေးကြောင်း ၎င်းက ပြောသည်။ သို့သော် ကျန်းမာရေးဝန်ထမ်းများသည် အဆိုပါ အခက်အခဲများကြားမှ ကလေးတိုင်း ကာကွယ်ဆေးတိုက်ကျွေးနိုင်စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ကလေးငယ်များ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနိုင်စေရန်နှင့် ပိုလီယိုပပျောက်ရေးဆိုင်ရာ အသိပေးချက်များကို ဖြန့်ဝေရန် ရပ်ရွာခေါင်းဆောင်များအား ဝန်ကြီးချုပ်က တောင်းဆိုခဲ့သည်။

လက်ရှိတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ ပိုလီယိုရောဂါဖြစ်ပွားနေသည့် နောက်ဆုံးနိုင်ငံနှစ်ခုမှာ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် ယခုနှစ်အတွင်း ဒေသအသီးသီးမှ ပိုလီယိုရောဂါဖြစ်ပွားမှု ၄၀ ကို မှတ်တမ်းတင်ခဲ့ကြောင်း အမျိုးသားကျန်းမာရေး အင်စတီကျု၏



အချက်အလက်များအရ သိရသည်။ ယခုနှစ်အတွင်း ကာကွယ်ဆေးတိုက်ကျွေးသည့် လုပ်ရှားမှုများကို နိုင်ငံတစ်ဝန်း၌ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အောင်ကျော်ကျော်**



# အမေရိကန်ရွေးကောက်ပွဲတွင် ဗြိတိန်လေဘာပါတီ ဝင်ရောက်စွက်ဖက်ဟု ထရမ့် ပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်း ကင်မလာဟားရစ်၏ မဲဆွယ်စည်းရုံးရေးတွင် ဗြိတိန်၏ အာဏာရ လေဘာပါတီမှ ပါတီဝင်များ ပါဝင်ကူညီလျက်ရှိကြောင်း အမေရိကန် ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်က စွပ်စွဲပြောကြားသည်။

ဗြိတိန်လေဘာပါတီ၏ လုပ်ငန်းဆောင်ရွက်မှု အကြီးအကဲက ၎င်း၏ပါတီဝင်များကို ကင်မလာဟားရစ်၏ မဲဆွယ်စည်းရုံးရေးတွင် ပါဝင်ကူညီရန် တောင်းဆိုခဲ့ပြီး ၎င်းတို့၏ ကြိုးပမ်းမှုအတွက် ထိုက်တန်သည့်ဆုလာဒ်များကို ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း လူမှုမီဒီယာတွင် ရေးသားခဲ့သည်ဟု သမ္မတဟောင်းဒေါ်နယ်ထရမ့်၏ မဲဆွယ်စည်းရုံးရေးဆိုင်ရာ လှုံ့ဆော်ရေးအဖွဲ့က အောက်တိုဘာ ၂၂ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဗြိတိန် အာဏာရလေဘာပါတီသည် ဟားရစ်ကို ထောက်ခံလျက်ရှိကာ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခြင်းသည် တရားမဝင် နိုင်ငံခြားအရ ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား စုံစမ်းစစ်ဆေးရန် သမ္မတဟောင်း ထရမ့်က တောင်းဆိုခဲ့သည်။

တစ်ဖက်ကလည်း အလုပ်သမားပါတီ၏ ဒုတိယအကြီးအကဲ အန်ဂျီလာ ရေနာက ၎င်း၏ပါတီဝင်များသည် ၎င်းတို့၏ ကိုယ်ပိုင်အချိန်တွင် ကိုယ်ပိုင်ငွေကြေးများ အသုံးပြုကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန်နှင့် ဗြိတိန်တို့သည် အနီးကပ် မဟာမိတ်နိုင်ငံများဖြစ်သည်။ နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည့်သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့် အနိုင်ရပါက နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုတို့အပေါ် သက်ရောက်နိုင်သည့် နောက်ဆက်တွဲအကျိုးဆက်များကို ထောက်ပြကာ လေဘာပါတီဝင်များ အမေရိကန်ရွေးကောက်ပွဲတွင် ဝင်ရောက်စွက်ဖက်နေခြင်းအပေါ် ဗြိတိန်အတိုက်အခံအဖွဲ့ဝင်များက ပြစ်တင်ဝေဖန်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဆွေးနွေးရန် အမေရိကန်နှင့် အစ္စရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံမည်

**ဒိုဟာ အောက်တိုဘာ ၂၄**

အမေရိကန်နှင့် အစ္စရေးကိုယ်စားလှယ်အဖွဲ့တို့ ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဆွေးနွေးရန် ကာတာနိုင်ငံ မြို့တော်ဒိုဟာ၌ တွေ့ဆုံမည်ဖြစ်ကြောင်း ကာတာဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်မိုဟာမက် ဘင်အဗ္ဗဒူလာရ်မန်ဘင်ဂျာဆင်မ်အယ်လ်သာနီက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**အစွမ်းကုန်ကြိုးပမ်းလျက်ရှိ**

ငြိမ်းချမ်းရေးရရှိရန် စေ့စပ်ညှိနှိုင်းပေးလျက်ရှိသည့် အမေရိကန်၊ ကာတာနှင့် အီဂျစ်တို့သည် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးအတွက် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

အမေရိကန်ကိုယ်စားလှယ်အဖွဲ့နှင့် အစ္စရေးစေ့စပ်ညှိနှိုင်းရေးအဖွဲ့တို့သည် အစ္စရေး-ဟားမတ်စ်တို့အကြား အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းကောင်းများကို ဆွေးနွေးသွားမည်ဖြစ်သည်။

ဟားမတ်စ်ခေါင်းဆောင် ယာရာဆင်းဝါ အသတ်ခံရပြီးနောက် ဟားမတ်စ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့ကြောင်း ကာတာဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး အယ်လ်သာနီက ပြောကြားသည်။

သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဂါဇာအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှုရရှိရေးနှင့် ဓားစာခံများလွှတ်ပေးရေးနှင့်ပတ်သက်ပြီး မကြာမီ ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ဟားမတ်စ်အဖွဲ့နှင့် တွေ့ဆုံရန် အဆင်သင့်ဖြစ်၊ မဖြစ် အတိအကျဆုံးဖြတ်ရခြင်း မရှိသေးသော်လည်း ငြိမ်းချမ်းရေးရရှိရန်အတွက် ကြားဝင်စေ့စပ်ညှိနှိုင်းပေးသည့် နိုင်ငံများအနေဖြင့် ဟားမတ်စ်အဖွဲ့ကို စည်းရုံးရန် လိုအပ်ကြောင်း ဘလင်ကန်က ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် စတင်ဖြစ်ပွားသည့် ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခနောက်ပိုင်း အရှေ့အလယ်ပိုင်းသို့ ဘလင်ကန်၏ ယခုခရီးစဉ်သည် (၁၁)ကြိမ်မြောက် ခရီးစဉ်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# တူကီယဲနိုင်ငံရှိ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား

**အန်ကာရာ အောက်တိုဘာ ၂၄**

တူကီယဲနိုင်ငံ အန်ကာရာမြို့ ရှိ လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီ၌ အောက်တိုဘာ ၂၃ ရက်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရခဲ့ကြောင်း တူကီယဲနိုင်ငံ ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ ပြင်းထန်သော ဒဏ်ရာများရရှိခဲ့ကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။ အကြမ်းဖက်တိုက်ခိုက်မှုကျူးလွန်သူများမှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး ၎င်းတို့အား လုံခြုံရေး တပ်ဖွဲ့ဝင်များက သုတ်သင်နိုင်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားတစ်ဦး၏ အမည်မှာ အလီ အိုယက်ဖြစ်ကြောင်းနှင့် ၎င်းသည် တရားမဝင် ဖွဲ့စည်းထားသည့် ကာဒတ်စတန်အလုပ်သမားပါတီ၏ အဖွဲ့ဝင်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ယာလီကာယာက လူမှုမီဒီယာအိတ်စ်မှတစ်ဆင့် ပြောကြားသည်။ ကာဒတ်စတန်အလုပ်သမားပါတီအား တူကီယဲ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့တို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားပြီး ၎င်းအဖွဲ့အစည်းသည် တူကီယဲအစိုးရအား ဆယ်စုနှစ် သုံးခုကျော်ကြာ တိုက်ခိုက်ခဲ့သည်။

အဆိုပါ လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီ၏ဂိတ်သို့ အကြမ်းဖက်သမားများ အငှားယာဉ်ဖြင့် ရောက်ရှိလာပြီး အစောင့်များကို စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ဟု စီစီတီဗွီမှတ်တမ်းအရ သိရသည်။ ၎င်းတိုက်လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီသည် တူကီယဲနိုင်ငံတွင် KAAN ဟု အမည်ရသည့် တိုက်လေယာဉ်ကို စတင်ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ထိုင်းနိုင်ငံ၌ လေထုညစ်ညမ်းမှု ထိန်းချုပ်ရေး ဆောင်ရွက်

**ဗန်ကောက် အောက်တိုဘာ ၂၄**

ထိုင်းနိုင်ငံ၌ ဆောင်းရာသီသို့ရောက်ရှိရန် နီးကပ်လာသဖြင့် မြူများကျဆင်းချိန်တွင် ဖြစ်တတ်သည့် လေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ထိုင်းလေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဌာနက ပြီးပြည့်စုံသည့် စီမံကိန်းတစ်ခုကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဗန်ကောက်တွင် ယင်းအချိန်ကာလ၌ လေထုထဲတွင် ဖုန်မှုန့်ပါဝင်မှု မြင့်မားကြောင်း သိရသည်။ ထိုင်းအစိုးရအနေဖြင့် လေထုညစ်ညမ်းမှုကိုဖြေရှင်းရာတွင် လေထုညစ်ညမ်းမှုကြိုတင်ကာကွယ်ရေး၊ လျှော့ပါးရေးနှင့် လူထုအား လေထုညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးမှုလုပ်ငန်းများကို နိုင်ငံအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်စသည်ဖြင့် ကဏ္ဍအများအပြားခွဲ၍ ဆောင်ရွက်ကြောင်း သိရသည်။

ယခုဆောင်ရွက်မည့်စီမံကိန်းတွင် လေထုညစ်ညမ်းမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အလေ့အထများအားလေ့လာခြင်း၊ မြို့ပြလေထု အရည်အသွေးဆန်းစစ်ခြင်း၊ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူ့ကျန်းမာရေးသတိပေးချက်ထုတ်ပြန်မည့်အစီအမံများ ပါဝင်သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်ယန္တရားအပိုပစ္စည်း အမျိုး ၉၀၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၀၈၉၈၅၆၄၄ ကျပ်) ကို လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၂၃၀၀) ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၇၃၆၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်) ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၈၁၄၀၀)ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ANKAI Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၆၂၁၅၆၇၀၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ သရက်ခရိုင် သရက်-မင်းတုန်းကားလမ်းမအနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နွားထီး ၄၁ ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) နှင့် အဆိုပါနွားထီးများ တင်ဆောင်လာသည့် Fuso Truck တစ်စီး၊ Canter Truck တစ်စီးနှင့် Toyota Crown တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၀၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၂၃ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၄၁ ဒသမ ၅၈၄ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၄၄၂၃၉၄၄ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ဆိုင်ကယ်အပိုပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၂၅၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၂၀၆၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုလိပ်မြို့အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၆၀၇၀၂၆၂၉ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီးနှင့် JIN BEI Mini Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀၀) ကို လည်းကောင်း၊ ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်ကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၃၇၉၄၅၂၅၀ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၂၉၆၆၄၇၈၇၉ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၆၂၄ တန်၊ သစ်မာ သုည ဒသမ ၇၄၁ တန်၊ အခြားသစ် ၅ ဒသမ ၆၅၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၅၁၃၃၈၃ ကျပ်) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ လိုင်စင်မဲ့ Toyota Mark-II ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၉၅၁၃၃၈၃ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၂၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ လိုင်စင်မဲ့ Honda Wave ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၀ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၁၉၆၂၅၅၀) သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၁၀-၂၀၂၄ သောကြာနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ စကားဝါမြေမှပုပ္ပါးမြတ်တောင်တော်
၀၉:၁၅ Clean and Green ဖော်ဆောင်ဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်စို့
၀၉:၃၅ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ လူမှုစီးပွားသတင်းများ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကတိုးကွက်'** (အပိုင်း-၂၁)
၁၃:၃၀ MRTV National News
၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၁၅)
၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
၁၆:၄၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအဖွဲ့
၁၇:၀၅ စိမ်းလန်းစိုပြေကျောင်းဝင်းမြေ
၁၇:၃၀ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကတိုးကွက်'** (အပိုင်း-၂၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ 'မင်းပဲအနားမှာနေ' စုံတွဲတေးများ တေးဂီတဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၂၂:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
07:11 International Art Collector Artist Tin Win (Beikthano)
07:33 Listening Pleasure, Instrumental Music (Mandolin) Special Show
07:47 Gold from Garbage
08:01 News
08:26 Asia Updates; Youths for Carbon Zero
08:30 Tour Around in Myeik Archipelago (Epi-3) Taung Pan Gyi and Lay Islands
08:44 Home for the Beautiful Star Tortoises
09:01 Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life
09:21 Daytamotbarat Sasana Land
09:44 Amazing Coconut Shell Products
10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင်(အသီးအနှံဆိုင်ရာအခေါ်အဝေါ်များ)
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဒေသထွက်ကုန်ပြခန်း
**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
တစ်နိုင်တစ်ပိုင် ရိုးရာငါးပိပြုလုပ်ပုံ
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ပိတ္တီလာတန်သို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အိမ်နောက်ဖေးတွင် ဈေးဆိုင်တည်ခြင်း
**ချင်း(လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ကျန်းမာရေးအတွက် ကောင်းကျိုးများသည့် မဟာကကြံဆစ်
**ချင်း(ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်ကလေး
**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
သစ်တိုသီးဝက်သားချက်နဲ့မျှစ်တင်းရည်
**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ရေချောတိုင်တက်ပွဲ
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
အင်းသားလေ့လှော်ကမ္ဘာကျော်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၄၅ ရသစုံစွာဤမြေကမ္ဘာ
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၈:၄၅ SPORTS MAX
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ဒိုက်'**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၈)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများ အားပေးစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Capturing Moment
၁၉:၁၀ How to Steer and Bury Pumpkin Vines
၁၉:၃၀ International Music Hits
၂၂:၀၀ ချွန်စက်(ဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Soccer View
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ E Sports

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ငွေကျပ် ၂၅၄၀၂ သိန်းကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ် သိန်း ၅၀ အား သေနတ်ပြ ခြိမ်းခြောက်ရိုက်နှက်၍ လုယက်သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းစိန်လမ်းနှင့် ဆင်ရေတွင်းလမ်းထောင့်ရှိ "မြရွှေယုံ" ရွှေဆိုင်မှ ရွှေထည်ပစ္စည်းမျိုးစုံ ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ တို့အား သံသေတ္တာသုံးလုံးဖြင့် သိမ်းဆည်းကာ ယာဉ်မောင်းတစ်ဦးတည်း မောင်းနှင်သည့် ကိုယ်ပိုင်ယာဉ်ဖြင့် သယ်ဆောင်စဉ် လှိုင်မြို့နယ်ရှိ ရွှေဆိုင်ပိုင်ရှင်၏ နေအိမ်ရှေ့အရောက် ယာဉ်တစ်စီးဖြင့် အမျိုးသားလေးဦး ရောက်ရှိလာပြီး သေနတ်တစ်ချက် ပစ်ခတ်၍ ယာဉ်မောင်းအား ပိုင်းဝန်းရိုက်နှက်ကာ ကားနောက်ဖုံးမှန်အား တူဖြင့်ထု၍ ရွှေထည်ပစ္စည်းနှင့် ငွေများ ထည့်ထားသည့် သေတ္တာသုံးလုံး လုယူ ထွက်ပြေးသွားသဖြင့် ပိတောက်ချောင်းနယ်မြေရဲစခန်း (ပ)၉၃/၂၀၂၄ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့် ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည်။

လုံခြုံရေးအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) ရပ်ကွက် ပါရမီလမ်းနှင့် သုမင်္ဂလာလမ်းဆုံတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက် မြေနီကုန်းဈေးလမ်း တိုက်အမှတ်(၄၁) (၄)လွှာ အခန်း(4A)နေ မသက်ထားခိုင်(ခ) ရည်မွန်အေး(၃၇)နှစ်ကို မသင်္ကာ၍ စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းတွင် လုယက်မှုမှပါဆုံးသွားသော ပလက်တီနမ်ရွှေဖြူဆွဲကြိုး ရှစ်ကုံးနှင့် ငွေကျပ် ၁၀ သိန်းတို့အား တွေ့ရှိပြီး ၎င်း၏ ခင်ပွန်းဖြစ်သူ ထက်အောင်ခိုင်က ရောင်းချခိုင်းလိုက်ကြောင်း သိရသဖြင့် တရားခံ ထက်အောင်ခိုင် ၃၆ နှစ် (ဘ)ဦးအေးချိုအား ဆက်လက် ဖမ်းဆီးရမိခဲ့သည်။ ထက်အောင်ခိုင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဒသမ ၃၂ ဗို့ ခြောက်လုံးပြူးတစ်လက်၊ S&WL ကျည်ကိုးတောင့်၊ ၎င်းကျည်ခွံတစ်ခု၊ ငွေစက္ကူရောရာ ငွေကျပ် ၁၈ သိန်း၊ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ (စိစစ်ဆဲ)တို့အား ဆက်လက် သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပေါက်စုကျေးရွာနေ တရားခံကျော်ကြီး(ခ)ကျော်ဇင်ဟိန်း (၂၂)နှစ် (ဘ)ဦးထွန်းထွန်းနှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥသျှောင်မြို့သစ် အမှတ်(၈) ရပ်ကွက်နေ တရားခံ စောပိုင်ဇော်ဦး(ခ) ပိုင်ကြီး (၃၅)နှစ် (ဘ)ဦးစံသောင်းတို့အား အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ သုံးဦးတို့၏ ထွက်ဆိုချက်များအရ တရားခံ ထက်အောင်ခိုင်၊ ကျော်ဇင်ဟိန်း (ခ)ကျော်ကြီးနှင့် တရားခံဝေကြီး (ဖမ်းဆီးရန်ကျန်)တို့ သုံးဦးသည် KNU တပ်မဟာ(၇) ဝေ့ရှမ်းကျေးရွာတွင် ဖွင့်လှစ်သော PDF အကြမ်းဖက်သင်တန်းအပတ်စဉ်(၅/၂၀၂၄) သင်တန်းဆင်းများ ဖြစ်ကြပြီး အဆိုပါသင်တန်း တက်ရောက်နေစဉ် ထက်အောင်ခိုင်သည် သင်တန်း၌ ငွေလွှဲလုပ်ငန်း လုပ်ကိုင်သူ ဦးမာမူ (စိစစ်ဆဲ)ထံမှ ဒသမ ၃၂ ဗို့ခြောက်လုံးပြူးနှင့် ကျည်များအား ငွေကျပ် ၂၁ သိန်းဖြင့် ဝယ်ယူခဲ့ပြီး "မြရွှေယုံ"ရွှေဆိုင်သို့ သုံး၊ လေးကြိမ်ခန့် လေ့လာကာ ဆိုင်ဖွင့်ချိန်နှင့် ဆိုင်သိမ်းချိန်များတွင် ယာဉ်မောင်းတစ်ဦးတည်း ဆိုင်မှ ရွှေထည်ပစ္စည်းများအား သယ်ယူပို့ဆောင်လေ့ရှိကြောင်း သိရှိရသဖြင့် လုယက်မှုကျူးလွန်ရန် ကြိုတင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း။

လုယက်မှု ကျူးလွန်ရာတွင် တရားခံ ထက်အောင်ခိုင်က Toyota Corolla အဖြူရောင် ယာဉ်အား မောင်းနှင်၍ အခင်းဖြစ်ရာ ခြံရှေ့တွင် ရွှေထည်ပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ်အား အနောက်မှ ကပ်လျက် ရပ်တန့်ကာ ယာဉ်မောင်းဖြစ်သူအား သေနတ်ဖြင့်ချိန်၍ တံခါးဖွင့်ခိုင်းခြင်း၊ တရားခံ ဝေကြီး(ဖမ်းဆီးရန်ကျန်)က ကားတံခါးအား တူဖြင့်ထုခြင်း၊ တရားခံ ထက်အောင်ခိုင်က ခြံ၏ အရပ်သားလုံခြုံရေးဝန်ထမ်းဖြစ်သူအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ခြံဝင်းသံပန်းတံခါးအား ထိမှန်ခဲ့ပြီး ကျော်ဇင်ဟိန်း (ခ) ကျော်ကြီးနှင့် စောပိုင်ဇော်ဦး (ခ)ပိုင်ကြီးတို့နှစ်ဦးက ယာဉ်၏ နောက်ဖုံးတံခါးအားဖွင့်၍ ရွှေထည်ပစ္စည်းများ ထည့်ထားသည့် သံသေတ္တာသုံးလုံးအား ၎င်းတို့စီးနင်းလာသည့် ကားပေါ်သို့ တင်ဆောင်ကာ မောင်းနှင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ် သိရှိရသည်။

ဖြစ်စဉ်တွင် ရွှေထည်ပစ္စည်းနှင့် ငွေများ လုယက်မှုမှ ဖမ်းဆီးရမိသည့် တရားခံ ထက်အောင်ခိုင်၊ ကျော်ဇင်ဟိန်း(ခ) ကျော်ကြီး၊ စောပိုင်ဇော်ဦး(ခ) ပိုင်ကြီးနှင့် ထွက်ပြေးတိမ်းရှောင် တရားခံ ဝေကြီး (စိစစ်ဆဲ)အား ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေး တိမ်းရှောင်နေသော တရားခံ ဝေကြီးအား အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပိတောက်ချောင်းနယ်မြေရဲစခန်း(ပ)၉၃/၂၀၂၄ ရာဇသတ်ကြီးပုဒ်မ ၃၉၄
၂၁-၁၀-၂၀၂၄ ရက်နေ့ ၁၈:၃၀ အချိန် လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် အေးရိပ်မွန်လမ်း ခြံအမှတ်(၂) နေအိမ်ရှေ့တွင် ရွှေထည်ပစ္စည်းများ တင်ဆောင်လာသည့် YGN-43 1M/3144 SUZUKI ERTIGA ခဲရောင် ယာဉ်အား အမျိုးသားလေးဦးက သေနတ်ဖြင့် ပစ်ခတ်ကာ လုယူမှု

ဦးဆောင်သူ/သေနတ်ပစ်ခတ်သူ/ယာဉ်မောင်းသူ
ထက်အောင်ခိုင်




ဖမ်းဆီးရမိ | ဖမ်းဆီးရမိ | (ဖမ်းဆီးရန်ကျန်တရားခံ)



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ငွေကျပ် ၂၅၄၀၂ သိန်းကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ အား သေနတ်ပြ ခြိမ်းခြောက်ရိုက်နှက်၍ လုယက်သူ တရားခံ အမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်/ခဲယမ်းနှင့် လုယက်မှုကျူးလွန်ရာမှ ရရှိသည့် သက်သေခံရွှေထည်ပစ္စည်းနှင့် ငွေများအား သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။

# PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ စာသင်ကျောင်းအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူအချို့ ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် အကြောင်းမဲ့ပစ်ချတိုက်ခိုက်မှုကြောင့် ဆရာမတစ်ဦး၊ ကျောင်းသူသုံးဦးနှင့် ဒေသခံပြည်သူတစ်ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**ဗုံးစထိမှန်ဒဏ်ရာရ**

ဖြစ်စဉ်မှာ မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိစဉ် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဆရာမတစ်ဦး၊ ကျောင်းသူသုံးဦးနှင့် ဒေသခံပြည်သူ အမျိုးသမီးတစ်ဦးတို့ ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေသည့် ပညာရေးဆိုင်ရာ အဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြပုံ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Dr Nay Soe Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဒေါက်တာ နေစိုးမောင်အား ညနေ ၆ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၃ ဒသမ ၉၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၉ ဒသမ ၈ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ရန်ကုန် တိုင်းဒေသကြီးတွင် ငွေကျပ် ၃ ဒသမ ၉၈ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၉ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၂၉) ရပ်ကွက်၌ ဝင်းထွဋ်မောင်းနှင်ပြီး တင်မောင်လတ်(ခ)ကရင်ဒ်ဘိုင် လိုက်ပါလာသည့် FIELDER ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၂၉) ရပ်ကွက်တွင် စိတ်ကြွရူးသွပ် ဆေးပြားများ သယ်ဆောင်ခဲ့သည့် Toyota Succeed ယာဉ်တစ်စီး နှင့် ညနေ ၅ နာရီခွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ကျီစု (အနောက်)ရပ်ကွက် ရွှေကျီးလမ်းသွယ်ရှိ ဝင်းထွဋ်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆ ဒသမ ၈ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၃ ဒသမ ၉၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၉ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်နေ စိုင်းဆိုင်နွံ(ခ)ပီနွံနှင့် ကျေးသီးမြို့နယ်နေ ဟန်သိန်း(ခ)စိုင်းဆန်ဆွေတို့က ရောင်းချခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ် မောင်တောမြို့နေ စိုးမြင့်(ခ) ဇီဘူရာမောက်က ဝယ်ယူခြင်းဖြစ်ကြောင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် ငွေကြေးလွှဲပြောင်းခြင်းတို့ ဆောင်ရွက်သည့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်နေ စိုးမိုးအောင်(ခ)မိုလ်ဇူရာမန်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ကျော်ဝင်းစိုးနှင့် ဇနီး မသီတာဝင်း(ခ) ယာစမင်းတို့အား ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၃၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၃၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄,၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မန္တလေးမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့များက ကုန်သိုလှောင်ရုံနှင့်ဂိုဒေါင်များ ဝင်ဖောက်ခြင်း၊ တရားဝင် တင်သွင်းထားသော ကုန်ပစ္စည်းများကိုပါ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်ဟု သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းအဖွဲ့များက ကုန်သိုလှောင်ရုံနှင့် ဂိုဒေါင်များဝင်ဖောက်ခြင်း၊ တရားဝင်တင်သွင်းထားသော ကုန်ပစ္စည်းများကိုပါ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးမြို့ရှိသက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ မန္တလေးမြို့အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်ခိုအောင်းမှုမရှိစေရေး လိုအပ်သောလုံခြုံရေးလုပ်ငန်းများဆောင် ရွက်လျက်ရှိကြောင်း၊ ထို့ပြင် လုံခြုံရေးပူးပေါင်းအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြောင်းမဲ့ဝင်ရောက်ဖမ်းဆီးစစ်ဆေးခြင်း မရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် ဥပဒေနှင့်အညီသာ တားဆီးစစ်ဆေးကြပ်မတ်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အခြေအမြစ်မရှိသည့် သတင်းအမှားများဖြင့် ပြည်သူလူထုအား သတင်းအဆိပ်ခတ်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုအားပေး

**ပဲခူး အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့်ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေး ထောက်ပံ့ခဲ့သည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်း၌ အမျိုးသား/အမျိုးသမီး ဘောလုံးအသင်း စခန်းသွင်းလေ့ကျင့်နေမှု၊ ဟသ်္သာလမ်း ရိုးရာခြင်းအားကစားရုံ၌ အမျိုးသား/အမျိုးသမီး ရိုးရာခြင်း စခန်းသွင်းလေ့ကျင့်နေမှု၊ ရွှေမော်ဓော‌ဘုရားလမ်း မိုးလုံလေလုံအားကစားရုံ၌ ဘတ်စကက်ဘောအားကစား စခန်းသွင်းလေ့ကျင့်နေမှု၊ ပဲခူးမြို့ အနောက်ဘက်မြို့ရှောင်လမ်းရှိ မာဃမင်း တင်းနစ်အကယ်ဒမီ၌ တင်းနစ်အားကစားနည်း စခန်းသွင်းလေ့ကျင့်နေမှုနှင့် ပဲခူးခရိုင် အားကစားကွင်း၌ ပြေးခုန်ပစ်အားကစားနည်း စခန်းသွင်းလေ့ကျင့်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားသမားတိုင်း မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး အားကစားနည်းအလိုက် ထူးချွန်သည့်အားကစားသမားဖြစ်အောင်သင်ကြားပေးရန်၊ အားကစားသမားများအား စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံး ဆိုသည့်အတိုင်း ဇွဲရှိမှု၊ သည်းခံမှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းဥပဒေကို ရိုသေလေးစားလိုက်နာမှု၊ ယဉ်ကျေးမှုစသည်တို့အပြင် နိုင်ငံချစ်စိတ်တို့ကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အားကစားသည် ယှဉ်ပြိုင်သူအတွက်သာမက ကြည့်ရှုအားပေးသူအတွက်ပါ စိတ်ဓာတ်ခွန်အားဖြစ်စေသည့် အကောင်းဆုံးနည်းလမ်းဖြစ်၍ ပဲခူးတိုင်းဒေသကြီးအတွက် အကောင်းဆုံးအောင်မြင်မှုများရရှိနိုင်ရေး ကြိုးစားယှဉ်ပြိုင်လိုစိတ် ပြင်းပြစွာဖြင့် အစွမ်းကုန်လေ့ကျင့်သွားကြရန်နှင့် ကျန်းမာရေး အထူးဂရုစိုက်နေထိုင်ကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်၌ အားကစားနည်း ၂၄ မျိုးတွင် အမျိုးသား/အမျိုးသမီး စုစုပေါင်းအားကစားသမား ၄၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၄ ရက်၌ ပေါင်းလောင်း ရေလှောင်တမံတွင် HED ရေတံခါးအချပ် ၂၀ ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၂၄-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၄.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၅၂၆၃ | ၆၂၅.၈၁ | ၅၅၉၈၀၀ | ၁၈၃၀၈ (လျှပ်စစ်ထုတ်ရေ) | - | - | - | - | ၀.၁၀ | ၆၂၆.၅၃ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၃၇၇ | ၆၂၇.၆၅ | ၂၈၇၆၁ | - | ၇.၃၅ | ၇၇၃၉ | - | - | ၁.၀၀ | ၆၂၇.၂၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၈၅၈ | ၅၁၉.၁၀ | ၈၉၃၁၃ | ၂၇၂ | ၀.၉၀ | ၂၄၅၇ | - | - | ၀.၈၄ | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၁၁၃ | ၅၀၉.၇၀ | ၁၀၅၅၆ | ၁ | ၂.၃၀ | ၁၇၀၁ | - | - | ၀.၃၅ | ၅၀၉.၅၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၅၇ | ၄၃၇.၈၀ | ၆၉၄၀၀ | ၂၈၅ | ၁.၂၀ | ၃၆၀၀ | - | - | - | ၄၃၇.၈၂ |
| ၆ | လေလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၁၂၁၇ | ၅၃၄.၉၀ | ၇၄၅၉၈ | - | ၀.၁၀ | ၄၀၂ | - | - | ၁.၀၀ | ၅၃၄.၆၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၈၅ | ၇၅၀၄ | ၁၁ | ၂.၁၅ | ၁၂၁၄ | - | - | - | ၄၁၅.၈၉ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၃၉၂ | ၇၀၃.၇၀ | ၁၀၈၅၂၂ | ၂ | ၆.၃၀ | ၃၄၅၆၈ | - | - | ၀.၉၁ | ၇၀၃.၄၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | ၀.၁၉ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၁ | ၈၆၃.၅၀ | ၁၀၁၄၃ | ၂၈ | ၆.၅၀ | ၄၄၅၇ | - | - | - | ၈၆၃.၅၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၂၅ | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရှက် (၂၀) ချပ်ထောင်ထားပါသည်။

❂ MFF မှ

ဖွဲ့ထက်အောင်က သွင်းယူခဲ့သည်။

ဟသ်္သာအသင်းနှင့် ဘူရှီဒိုလူငယ်အသင်းတို့ပွဲတွင် သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် လေးဂိုးစီသရေ အချိန်ပိုတွင် နှစ်ဂိုးစီသရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ဟသ်္သာအသင်းက လေးဂိုး-နှစ်ဂိုး စုစုပေါင်း ၁၀ ဂိုး-ရှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

တတိယလုပွဲနှင့် ဗိုလ်လုပွဲကို အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တတိယလုပွဲအဖြစ် YCDC Marga အသင်းနှင့် ဘူရှီဒိုလူငယ်အသင်း၊ ဗိုလ်လုပွဲအဖြစ် ရန်ကုန်ဖူဆယ်အသင်းနှင့် ဟသ်္သာအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

# အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ(၇၅)ဘဏ်မြောက် ပြည်ကြီးတံခွန်ဘဏ်ခွဲဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ(၇၅)ဘဏ်မြောက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘဏ်ခွဲပရဝဏ်၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် အင်းဝဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့တော်ဝန်နှင့် အင်းဝဘဏ်လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အင်းဝဘဏ်လီမိတက် ပြည်ကြီးတံခွန်ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဘဏ်ခွဲကမ္ပည်းမော်ကွန်းဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ပြည်ကြီးတံခွန်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၇၅)ဘဏ်မြောက် ဘဏ်ခွဲဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၇၈ လမ်း (ရန်ကုန်-မန္တလေး ကားလမ်း) ၁၁၅ လမ်းနှင့် ၁၁၇ လမ်းကြား ကွျဲဆည်ကန်ရပ်တွင်တည်ရှိကာ အပ်ငွေများလက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order)များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ(Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များထုတ်ပေးခြင်းစသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူများအကြား ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ အဆင်ပြေလွယ်ကူချောမွေ့စွာ လည်ပတ်နိုင်ရေး၊ ကောင်းမွန်သောဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက်စုဆောင်းသည့်အချိန်ကာလအပိုင်းအခြားအလိုက်မူတည်၍ ၁၁ ရာခိုင်နှုန်းအထိ အတိုးနှုန်းများပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကာ ယခုဖွင့်လှစ်သည့် ပြည်ကြီးတံခွန်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၇၅)ဘဏ်မြောက် စိန်ရတုဘဏ်ခွဲဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

ညောင်လေးပင် အောက်တိုဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားပို့လွှတ်ရေး စီမံကိန်း စီမံကိန်းမန်နေဂျာရုံး(၂)မှ အာမခံအလုပ်သမား ဦးခိုင်ဌေး လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ထုတ်ပေးခြင်းနှင့် ညောင်လေးပင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် မြန်မာ့ရှေ့ဆောင်ဘဏ်(ကျောက်တံခါး)မှ အာမခံအလုပ်သမား ဒေါ်သက်နှင်းဆွေ၏ မီးဖွားစရိတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ညောင်လေးပင်မြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး အာမခံအလုပ်သမား ဦးခိုင်ဌေး၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၄၃၂၀၀၀၀ ကို မိခင်ဖြစ်သူ ဒေါ်အုံးမြင့်ထံနှင့် မြို့နယ်လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်ညိုညိုသန်းက မြန်မာ့ရှေ့ဆောင်ဘဏ်(ကျောက်တံခါး)မှ အာမခံအလုပ်သမား ဒေါ်သက်နှင်းဆွေအား မီးဖွားစရိတ်အတွက် ငွေကျပ် ၆၀၁၉၈၃ ဒသမ ၄၇ တို့ကို ပေးအပ်ကြကြောင်း သိရသည်။

၅၆၈

❖ **အားကောင်းသောမု**

တောင် -အရှေ့တောင်ဘက် ရေမိုင် ၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၉၈၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ မိုင်မှ မိုင် ၇၀ နှုန်းခန့်ဖြစ်သည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ခန့်မှန်းချက်**

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၅ ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြား ဒမ်မရာမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**ယနေ့ညမှ နောက် ၂၄ နာရီအတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**၂၄-၁၀-၂၀၂၄ ရက်နေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း ဒါနာ လမ်းကြောင်းပြမြေပုံ**






# ဟင်္သာတမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ဟင်္သာတ အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းရှိ ဈေးများတွင် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ပဒေသာဈေးကြီးနှင့် ဌေးဝင်းဈေးတို့၌ ဆောင်ရွက်ခဲ့ကြသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးအသိပညာပေးဆောင်ရွက်ရာတွင် ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဥက္ကာနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီများပူးပေါင်း၍ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိကြရန်၊ မိမိတို့ဈေးများတွင်အသုံးပြုသော လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်ရန်၊ အမှိုက်နှင့် လောင်စာများ စနစ်တကျစွန့်ပစ်ရေးနှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီအကြောင်းကြားရန် အသိပညာပေးဆောင်ရွက်ခဲ့ကြပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နားထောင်ခြင်းအနုပညာနှင့် မြင်သိလက်ခံနိုင်စွမ်းမှတစ်ဆင့်

**ယနေ့ခေတ်ကာလ ပြောဆိုဆက်ဆံကြရာမှာ ပြောသူများပြီး နားထောင်သူနည်းတဲ့ အနေအထားဖြစ်လာတယ်။ စကားတစ်ခွန်းကို ကောင်းကောင်း မပြောနိုင်အား၊ နားထောင်လည်း နားမဝင်၊ ပြောတဲ့စကားကို သေချာနားထောင်ပြီး နားလည်သူရှိသလို နာခံမလွယ်သူများစွာ တွေ့လာရတယ်။ အလေးထား နားမထောင်ဘဲ နားလည်ချင်ယောင်ဆောင်သူများနဲ့လည်း ကြုံဖူးမှာပါ။**

ဒေါက်တာမြတ်မိုး

ပြောသူနဲ့နားထောင်သူအကြား အလေးထားမှု မရှိကြခြင်းရဲ့ ရလဒ်က ယနေ့အောင်မြင်တဲ့ ဆက်ဆံရေးကောင်းများ မဖြစ်ခြင်းပါဘဲ။ အောင်မြင်တဲ့ ဆက်ဆံရေးကောင်းမရှိခြင်းက နားလည်မှုလွဲ၊ ယုံကြည်မှုတွေ ပျောက်ဆုံးစေပြီး မိတ်ဆွေကောင်းကို လျော့ပါးစေတယ်။ ပြဿနာကိုရှေးရှုပြီး ပဋိပက္ခဆီ တွန်းပို့တဲ့အထိ ယနေ့စစ်ပွဲများဖြစ်ပွားခြင်းအထိဟာ နားလည်မှုလွဲခြင်းနဲ့ ဆက်ဆံရေးအဆင်မပြေခြင်းများကြောင့် ဖြစ်ရသလို တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြားမှာ ကောင်းစွာနားမထောင်တတ်ခြင်းနဲ့ အမြင်အကြား ထိတွေ့မှုအာရုံများအပေါ် သိမြင်နားလည်လက်ခံမှုများမှာ ကွဲပြားခြားနားသွားခြင်းကြောင့်ပဲဖြစ်ပါတယ်။

### ကောင်းစွာနားထောင်တတ်ခြင်းဆိုတာ

တစ်ဦးနဲ့တစ်ဦးအကြားမှာ နားလည်မှုမလွဲရအောင်ဆိုရင် တစ်ဦးပြောစကားကို တစ်ဦးက ကောင်းကောင်းနားထောင်တတ်တဲ့ art of listening အလေ့အထကို ပြုလုပ်ပေးရမယ်။ တစ်ခါတစ်ရံ ကျွန်တော်တို့ဟာ ကိုယ်စိတ်မဝင်စားတဲ့စကား၊ ကိုယ်မကြိုက်တဲ့ စကားအပေါ်မှာ အာရုံစူးစိုက်မှုမရှိဖြစ်တတ်တယ်။ သူဘာပြောနေနေ နားမထောင်အားဘဲ ကိုယ့်ဘက်က ဘယ်လိုတုံ့ပြန်မလဲ၊ ဘာပြန်ပြောရမလဲဆိုတာလောက်နဲ့ အတွေးရောက်နေခြင်းဟာ တစ်ဖက်သားရဲ့စကားနဲ့ စေတနာအပေါ်မှာ မလေးစားရာရောက်ပါတယ်။

ပြောသူက အရင်ကတည်းက ကိုယ်နဲ့မတည့်သူ၊ ကိုယ်မုန်းနေတဲ့သူဖြစ်နေမယ်။ အယူအဆ၊ အတွေးအခေါ်တစ်ခုခုအပေါ်မှာ အယူမှား၊ အမှတ်မှား၊ အထင်မှားနေတဲ့ အခံခေတ်ကြီးကလည်း စွဲနေမယ်။ သူပြောတဲ့အကြောင်းအရာအပေါ် မကြိုက်ရင်... ကြိုက်တာ မကြိုက်တာကလည်း ခုနက ကိုယ့်ရဲ့အစွဲတွေကြောင့်ဆိုတာ မသိတတ်၊ ကိုယ်သိထားတာလောက်နဲ့လည်း လွဲနေတယ်လို့ယူဆရင် ကိုယ်သိတာအမှန်၊ သူပြောတာအမှားလို့ ယူဆပြီး သူ့စကားအပေါ်မှာ အလေးအနက်မထားဖြစ်သွားတတ်ပါတယ်။ ဒီကတစ်ဆင့် အဓိပ္ပာယ်ကောက်လွဲပြီး မှားသွားနိုင်တယ်။ ဒါ့ကြောင့် မှားယွင်းသုံးသပ်မိမှာ စိုးရိမ်တတ်သူတွေဟာ တစ်ဖက်သားပြောစကားကို အလေးထားနားထောင်လေ့ရှိပြီး အနက်အဓိပ္ပာယ်ကို သေချာစွာ ကောက်ယူလေ့ရှိကြပါတယ်။

### သင်ယူနေတယ်လို့ သဘောထား၊ ပညာနဲ့ ဆင်ခြင်

လူတွေမှာ လွဲနေတာတစ်ခုက သူ့ဆီက စကားကို နားထောင်ပေးဖို့ထက် ကိုယ်ကချည်းပြောချင်နေတာပဲ။ ပြောတာက လွယ်ပေမယ့် နားထောင်တတ်ဖို့က ပိုခက်ပါတယ်။ ဘာသာစကားတစ်ခု သင်ကြားရာမှာတောင် ကိုယ့်ဘက်က နားထောင်ပြီး နားလည်မှ ကောင်းစွာ ပြန်ပြောနိုင်မှာ မဟုတ်လား။ ဒါကြောင့် နားထောင်ခြင်းနဲ့ ပြောခြင်းမှာ နားထောင်ခြင်းက ပိုအရေးကြီးပါတယ်။ ဆိုလိုတာက ကိုယ့်ဘက်က ဦးစွာ သေချာနားထောင်ပေး၊ နားလည်အောင် ဆင်ခြင်သုံးသပ်ပြီးမှ ပြန်ပြောတာက တစ်ဦးနဲ့ တစ်ဦးအကြား ပိုပြီးဆက်သွယ်မှုအားကောင်းသွားပါတယ်။

နောက်ပြီး နားထောင်ခြင်းမှာ learning ဆိုတဲ့ သင်ယူခြင်းအဓိပ္ပာယ်လည်း ပါနေတာတွေ့ရတယ်။ ဒါမှ နားထောင်တတ်တယ်လို့ ဆိုပါတယ်။ စကားလုံးတွေအပေါ်မှာ (wisdom) ပညာနဲ့လည်း ဆင်ခြင်သုံးသပ်သင့်ပါတယ်။ ဆင်ခြင်သုံးသပ်ခြင်းဆိုတာ သူပြောတာဟာ စေတနာနဲ့ပြောခြင်းလား၊ စေတနာပါသလား၊ မပါဘူးလား၊ ကိုယ့်အတွက် ပြောနေခြင်းလား၊ ယခုလိုပြောရခြင်းရဲ့ အခြေခံအကြောင်းတရားက ဘာလဲ၊ ငါမူလသိထားတာတွေနဲ့ကော ကိုက်ညီရဲ့လား၊ မှန်ရဲ့လား စသဖြင့် သူ့ဘက်၊ ကိုယ့်ဘက် အပေါ်မှာ မှန်ကန်စွာ ကောက်ချက်ချနိုင်မှသာ တစ်ဦးနဲ့တစ်ဦးအကြားမှာ များစွာအဓိပ္ပာယ်ရှိသွားမှာ ဖြစ်ပါတယ်။

လက်ဖက်ခြောက်၊ သကြားအချိုးအစားတူညီမျှစွာ ဖျော်ထားတဲ့ လက်ဖက်ရည်တစ်ခွက်တည်း သောက်ကြတာတောင် ပေါ့ကျ၊ ပေါ့ဆိမ့်၊ ကျဆိမ့် မတူညီတဲ့အရသာကို ပေးကြသေးတာပဲ။ မျက်မမြင်ပုဏ္ဏားခြောက်ယောက်လိုပါပဲ..။ ကိုယ်စမ်းမိစမ်းရာ ကိုယ်သန်ရာသာအမှန်ဖြစ်တယ်၊ သူ့အမြင်ကအမှား၊ တစ်စိတ်တစ်ပိုင်းစမ်းမိ၊ထိမိတာလေးနဲ့တင် အလျင်စလို မှတ်ချက်ပေးတတ်ကြတာမျိုး များစွာတွေ့ဖူးကြမှာပါ။

ယူတတ်မယ်ဆို ပညာချည်းပါပဲ။ တစ်ခါတလေ သူကအမှား၊ ကိုယ်ကအမှန်ချည်း ယူဆနေခြင်းဟာ အလွန်ကို မှားယွင်းပြီး မလိုလားအပ်တဲ့ဆိုးကျိုးတွေ တွေ့ကြုံရလေ့ရှိကြောင်း သတိပြုသင့်ပါတယ်။ ဗုဒ္ဓတရားတော်မှာတော့ ကိုယ်ကြားရ၊ မြင်ရတဲ့အရာအပေါ် မှာ စိတ်အစဉ်အားဖြင့် ဆင်ခြင်ဆုံးဖြတ်ခြင်းကိစ္စပြီးနောက်မှာ မှန်ကန်စွာနှလုံးသွင်းခြင်းဆိုတဲ့ ကုသိုလ်၊ အကုသိုလ်ဖြစ်သွားစေတဲ့ ဇောအစဉ်လေး တစ်ခုရှိကြောင်း နာယူမှတ်သားဖူးပါတယ်။ ဒါကြောင့် နားထောင်တတ်ခြင်းမှာ ပညာဆိုတဲ့အဓိပ္ပာယ်နဲ့ သင်ယူခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်တွေပါဝင်နေတယ်လို့ ဆိုရမှာဖြစ်ပြီး နှလုံးသွင်းမှန်မှန်နဲ့ ခံယူတတ်လို့ကတော့ သူပြောလိုက်တဲ့စကားအပေါ်မှာ ဒေါသဖြစ်မသွားဘဲ ကုသိုလ်ရသွားတဲ့အထိ ဆင်ခြင်ပေးရမှာဖြစ်ပါတယ်။

### နောက်ဆက်တွဲတိုးတက်လာမယ့် စိတ်ပိုင်းဆိုင်ရာခွန်အားများ

တစ်ယောက်စကား တစ်ယောက်အလေးပေး နားထောင်လာကြတဲ့အခါ ပေါင်းသင်းဆက်ဆံရေးမှာ အဆင်ပြေလာပါတယ်။ အာရုံခံစားနိုင်စွမ်းကောင်းလာတဲ့အတွက် အသေးစိတ်အချက်အလက်ကအစ သိလာပြီး ပြောသူရဲ့ခံစားချက်ကိုပါ နားလည်ပေးနိုင်စွမ်းရှိလာတယ်။ သူ့ရဲ့ပြောစကားအပေါ်မှာ ရှုထောင့်အမျိုးမျိုးကနေ အဓိပ္ပာယ်ဖွင့်တတ်လာတယ်။ စကားလုံးတွေအပေါ်မှာ စီးမျောလာတဲ့ အတွေးကို မျှတအောင်တွေးပေးရာကနေ မိမိဦးနှောက်ရဲ့ စွမ်းရည်ဟာလည်း ရင့်ကျက်ဖွံ့ဖြိုးလာပါတယ်။

ဒီအချက်တွေဟာ အင်မတန်ကို အရေးကြီးတဲ့ စွမ်းရည်များပါ။ ကိုယ့်ဘက်က ပြန်ပြောဖို့ချည်း ဆန္ဒမစောဘဲ သူ့စကားလုံးတွေအပေါ်မှာ ဘက်စုံထောင့်စုံကနေ စဉ်းစားပေးတတ်တဲ့အကျင့်ကို ထပ်ကာထပ်ကာလေ့ကျင့်ကြည့်ပါ။ ပြန်ပြောဖို့ထက် ငါ့ဘက်က ဘာလုပ်ပေးနိုင်မလဲဆိုတဲ့ အဖြေရအောင် စဉ်းစားနိုင်ပြီဆိုရင် အလွန်ကိုကောင်းသွားပါပြီ။ ဆိုလိုချက်ကို သဘောပေါက်လွယ်တယ်၊ နာခံလွယ်တယ်၊ လိုက်နာလွယ်တဲ့သူရယ်လို့ အသိအမှတ်ပြုလာကြလိမ့်မယ်။

မိမိအပေါ်ဝေဖန်မှုကိုလည်း အပြုသဘောဝေဖန်မှုရယ်လို့ နားလည်လက်ခံလာနိုင်တယ်၊ အပြန်အလှန်အားဖြင့် သူ့အပေါ် မိမိက အဆိုးမြင်သဘောနဲ့ မဝေဖန်မိအောင် သတိထားရှောင်ရှားလာမယ်။ သူ့ရဲ့အတွေးအမြင်တွေအပေါ်မှာ နားလည်မှုရှိလာခြင်းပါပဲ။ အဲဒီကတစ်ဆင့် ယုံကြည်မှုတည်ဆောက်လာနိုင်မယ်။ ညှိနှိုင်းပေါင်းစပ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် ဆက်သွယ်ဆက်ဆံမှုအပိုင်းမှာ အားကောင်းလာမယ်။ အများအမြင်သဘောထားကို လက်ခံစဉ်းစားတတ်လာမယ်။ ဒီအချက်တွေဟာ အမုန်းတွေ၊ အာဃာတတွေကို ပြေပျောက်စေမှာဖြစ်ပြီး လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးကို အထောက်အကူပြုတဲ့အတွက် ယနေ့ခေတ် ပဋိပက္ခတွေဖြေရှင်းရာမှာ အလွန်ကိုအရေးကြီးလှတယ်။

> **“မိမိအပေါ်ဝေဖန်မှုကိုလည်း အပြုသဘောဝေဖန်မှုရယ်လို့ နားလည်လက်ခံလာနိုင်တယ်၊ အပြန်အလှန်အားဖြင့် သူ့အပေါ် မိမိက အဆိုးမြင်သဘောနဲ့ မဝေဖန်မိအောင် သတိထားရှောင်ရှားလာမယ်။ သူ့ရဲ့အတွေးအမြင်တွေအပေါ်မှာ နားလည်မှုရှိလာခြင်းပါပဲ။ အဲဒီကတစ်ဆင့် ယုံကြည်မှုတည်ဆောက်လာနိုင်မယ်။ ညှိနှိုင်းပေါင်းစပ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် ဆက်သွယ်ဆက်ဆံမှုအပိုင်းမှာ အားကောင်းလာမယ်။ အများအမြင် သဘောထားကို လက်ခံစဉ်းစားတတ်လာမယ်။ ဒီအချက်တွေဟာ အမုန်းတွေ၊ အာဃာတတွေကို ပြေပျောက်စေမှာဖြစ်ပြီး လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးကို အထောက်အကူပြုတဲ့အတွက် ယနေ့ခေတ် ပဋိပက္ခတွေဖြေရှင်းရာမှာ အလွန်ကိုအရေးကြီး”**

နားထောင်ခြင်းဟာ ဒီမှာတင်ပဲလား .. မဟုတ်ပါဘူး၊ အခြားအရေးကြီးတဲ့ ခံယူချက်တွေ၊ ကိုယ်ရည်ကိုယ်သွေးတွေကိုပါ လိုက်ပါပြောင်းလဲသွားစေပါတယ်။ အမြင်တွေ၊ အတွေးတွေ ပြောင်းလဲသွားနိုင်တယ်။ အသိအမြင်ပါပြောင်းလာရင် ခံယူချက်ပါ ပြောင်းလဲလာပြီး လူနဲ့ပတ်ဝန်းကျင်ဟာ သဟဇာတဖြစ်လာမယ်။ ဘက်လိုက်မှုနဲ့အစွဲတွေမှာ လျော့ပါးလာပြီး အလယ်အလတ်မဇ္ဈိမပဋိပဒါလမ်းမှာ လျှောက်လှမ်းတတ်လာမယ်။ မျှဝေခံစား စာနာတတ်လာပြီး ကရုဏာတရားပွားများလာမှာဖြစ်ပါတယ်။

### အလွန်အရေးကြီးတဲ့ ကြောင်းကျိုးဆင်ခြင်သုံးသပ်နိုင်စွမ်းအထိ

အာရုံစူးစိုက်မှု အားကောင်းလာတဲ့အတွက် မဖြေရှင်းနိုင်တဲ့ပြဿနာတွေကို ဖြေရှင်းရာမှာ မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ချနိုင်စွမ်း ရှိလာမှာဖြစ်ပါတယ်။ သေချာစွာစူးစိုက်နားထောင်ခြင်းနဲ့ မြင်သိနားလည်လက်ခံနိုင်အားကောင်းခြင်းက မိမိသိထားတဲ့ အချက်အလက်တွေအပေါ်မှာ ကြောင်းကျိုးဆင်ခြင်သုံးသပ်နိုင်တဲ့စွမ်းရည်မျိုး Cognitive thinking ဖြစ်ထွန်းလာသည်အထိ အထောက်အကူပြုပါတယ်။ ဒီလိုစွမ်းရည်မျိုးတွေကြောင့် မိမိရဲ့ ပညာရေးမှာ သင်ယူနိုင်စွမ်းအား (learning ability) ကောင်းလာပြီး စီးပွားရေး၊ စီမံခန့်ခွဲအုပ်ချုပ်ရေးကအစ နေရာစုံမှာပါ ထိရောက်အောင်မြင်မှုရှိလာပါတယ်။ ဒါကြောင့်လည်း နိုင်ငံခြားပညာတော်သင် ဖြေဆိုသူတွေကို recommend ရေးပေးရာမှာ ဖြေဆိုသူဘက်ကနေ cognitive skill ရှိ / မရှိကို နိုင်ငံခြား တက္ကသိုလ်တွေရဲ့ တောင်းဆိုချက်အတိုင်း ထောက်ခံရေးသားပေးရတာဖြစ်ပါတယ်။

သူတို့ဆီက တက္ကသိုလ်တွေက ဒီလိုအရည်အသွေးတွေကို အလွန်တန်ဖိုးထားပြီး ရှိမှလည်း လက်ခံစဉ်းစားတဲ့သဘောပါ။ အရာအားလုံးဟာ အကောင်းဘက်သို့သာ ဦးတည်ပါတယ်။ အဓိကဆိုလိုချက်က တက်ကြွစွာနားထောင်တတ်ခြင်းဟာ နားလည်သဘောပေါက်လွယ်ခြင်းကို ဖြစ်စေပြီး ထိုမှတစ်ဆင့် မိမိရဲ့မြင်သိနားလည် လက်ခံနိုင်စွမ်းမှာပါ ပြောင်းလဲတိုးတက်လာမယ်ဆိုရင် ဘက်စုံစွမ်းဆောင်ရည်မှာပါ တိုးတက်လာမှာဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့အပါအဝင် လူအများစုဟာ များသောအားဖြင့် ကိုယ်ကျိုးစီးပွားနဲ့ ခံစားချက်အပေါ်မှာ ပိုပိုသာသာအာရုံစိုက်တတ်ကြပါတယ်။ သူလိုချင်၊ ဖြစ်ချင်နေတဲ့ သူ့ဘက်က အကျိုးစီးပွား သူ့ခံစားချက်ကော ဘယ်လိုနေမလဲ။ ကိုယ်ပြောတာ နားထောင်စေချင်ရင် သူပြောတာလည်း နားထောင်ပေးမှ တရားမျှတမှုရှိမှာပေါ့။ ကိုယ့်ဆီလာတဲ့ အာရုံကတော့ တစ်ခုတည်းပါပဲ။ ကိုယ့်ရဲ့အာရုံခံကိရိယာတွေကသာ မချို့ယွင်းနေဖို့လိုပါတယ်။ အာရုံခံကောင်းပြီး မှန်ကန်စွာခံစားနားလည်ပေးတတ်ဖို့ကသာ အဓိကဖြစ်ပါတယ်။

ကိုယ်ထင်ရာ ကိုယ်သန်ရာဆွဲယူပြီး တွေးတတ်၊ ပြောတတ်၊ နားထောင်တတ်သူတွေရဲ့နောက်က လုပ်သမျှ အလုပ်တွေဟာ တလွဲတွေသာဖြစ်နေတတ်ပြီး အမှားတွေ့ရတတ်ပါတယ်။ လောကကြီးမှာ အရှိကို အရှိအတိုင်း မမြင်၊ နားလည်းမထောင်၊ ကိုယ်ထင်ရာကိုယ်လုပ် အစွန်းရောက်နေကြလို့ တွေ့ရတဲ့ဆိုးကျိုးတွေဟာ တစ်ပုံတစ်ပင်ပါပဲ။ ဘဝနဲ့ယှဉ်ပြီး ယူသင့်တဲ့သင်ခန်းစာ အများအပြားရှိထားပြီးဖြစ်တဲ့အတွက် ယူနိုင်သမျှယူပြီး ဆင်ခြင်သုံးသပ်နိုင်စွမ်းအားကြီးဖို့သာလျှင် ဖြစ်ပါတယ်။

အဓိကအချက်က တစ်ဦးရဲ့စကားကို တစ်ဦးက လေးလေးစားစား နားထောင်ပေးကြခြင်းဖြင့် အဓိပ္ပာယ်ကောက်မလွဲကြဖို့နဲ့ နားလည်မှုများ ပေးလာနိုင်ဖို့ ရည်ရွယ်ပါတယ်။ ရှုထောင့်အမျိုးမျိုးကနေ အဓိပ္ပာယ်ဖွင့်ဆိုနိုင်တဲ့အထိ တိုးတက်လာတဲ့အခါ မြင်သိ၊ လက်ခံမှုအားကောင်းလာပြီး နားလည်မှုများရှိလာကြတာ တွေ့ရပါတယ်။ အခုလို ယုံကြည်မှုတွေ အားနည်းနေတဲ့အခြေအနေမှာ နားလည်မှုများများရအောင် ဦးဆောင်ကြိုးစားကြရမှာလည်း ဖြစ်ပါတယ်။ တရားသဘောအရတော့ တစ်ဦးနဲ့တစ်ဦး ဆက်ဆံပေါင်းသင်းကြတဲ့အခါ ကောင်းကွက်ကိုရှာပြီး ဆက်ဆံပြောဆိုနားထောင်ကြဖို့ပါပဲ။ များသောအားဖြင့် အပြစ်ရှာကြတာကများတယ်။

အပြစ်က ဒေါသကိုရှေးရှုပြီး ဒေါသနဲ့ ပြော၊ ဒေါသနဲ့ နားထောင်ကြတဲ့အခါ ငြိမ်းချမ်းမှုနဲ့ အလှမ်းဝေးသွားပါတယ်။ အပြစ်ရှာရင် မိမိဒေါသကြောင့် ဖြစ်ရတဲ့ မိမိနဲ့သူတစ်ပါးအပေါ်ကျလာမယ့် ဒေါသရဲ့ အပြစ်ကိုသာရှာပြီး ဆင်ခြင်ပေးက နောက်ဆက်တွဲဆိုးကျိုးတွေမဖြစ်တော့ဘူးပေါ့။ ကောင်းကွက်ကိုရှာတယ်ဆိုတာ မှန်ကန်စွာ နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသောမနသိကာရတစ်မျိုးပါပဲ။ ပညာနဲ့ ကောင်းစွာနားထောင်တတ်ခြင်းကြောင့် မှန်ကန်စွာ သိမြင်နားလည်ခြင်းကနေ မှန်ကန်စွာ စဉ်းစားကြံဆတတ်လာမယ်၊ အတွေးမှန်ရင် အလုပ်လည်းမှန်လာမယ်။ အဓိကအနှစ်က ထိုအရည်အချင်းများဟာ ယနေ့ခေတ် အားလုံးမျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးအတွက် ဖြည့်ဆည်းရန် လိုအပ်နေတဲ့ အလွန်အရေးပါတဲ့ စွမ်းရည်များဖြစ်နေခြင်းပါပဲ။ ။

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်မရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ရွှေထီးအမှတ်တံဆိပ် အမျိုးသားအကြောသန် သောက်ဆေးနှင့် နေကြာပန်းအမှတ်တံဆိပ်အမျိုးသားအားတိုးဆေးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်းနှင့် ပျော်စံရာ အမှတ်တံဆိပ် အမျိုးသားခွန်အားတိုးဆေးသည် အခြားဆေး၏ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်– TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်းတို့ကြောင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက် မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ရွှေထီး | အမျိုးသားအကြောသန် သောက်ဆေး | ဆေးပြား | အောင်မြေရတနာလမ်း၊ ကွေ့ကြီးကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ |
| ၂။ | နေကြာပန်း | အမျိုးသားအားတိုးဆေး | ဆေးမှုန့် | လိပ်စာမပါဝင်ပါ။ ဖုန်းနံပါတ် ၀၉၇၈၅၀၂၀၄၁၃ ဖော်ပြထားသည်။ |
| ၃။ | ပျော်စံရာ | အမျိုးသား ခွန်အားတိုးဆေး | ဆေးပြား | အမှတ် ၅၃၅၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |













တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်မရှိသည့် ဆေးဝါးနမူနာများ။

၃။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အေးခဲထောပတ်သီးအနှစ်များကို မလေးရှားမှ ဝယ်ယူရန် သဘောတူညီမှုရရှိပြီးဖြစ်၍ ထောပတ်တောင်သူများ အခွင့်အလမ်းကောင်းများ ရရှိမည်

**ပြင်ဦးလွင် အောက်တိုဘာ ၂၄**

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ထောပတ်သီးများကို မူလအတိုင်းသာမက အေးခဲအနှစ်ပြုလုပ်ထားသည့် တန်ဖိုးမြင့်ထုတ်ကုန် အေးခဲထောပတ်သီးအနှစ်များကို မလေးရှားနိုင်ငံက ဝယ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်၍ တင်ပို့ရန် စီစဉ်လျက်ရှိရာ တောင်သူများအတွက် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါတန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်သည့် ထောပတ်သီးအေးခဲအနှစ်များကို မလေးရှားနိုင်ငံသို့ နမူနာပေးပို့ခဲ့ရာ ဝယ်ယူမည့်လုပ်ငန်းစဉ်များ ဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ဈေးနှုန်း ညှိနှိုင်းရန်အဆင့်သာ ကျန်ရှိကြောင်း သိရသည်။

"ထောပတ်သီးအနှစ်တွေ တင်ပို့တဲ့အတွက် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေရရှိမယ့် အကျိုးကျေးဇူးက Export စံချိန်မီတဲ့အသီးတွေကို အလုံးတိုင်း တင်ပို့နိုင်မှာဖြစ်သလို စံမမီတဲ့အသီးတွေကို အေးခဲအနှစ်လုပ်ပြီး တင်ပို့ရင် ဈေးကောင်းရရှိမယ်။ Export က ရရှိတဲ့ ပို့ကုန်ရငွေကို နိုင်ငံတော်က သတ်မှတ်တဲ့အချိုးအရ တောင်သူတွေ နိုင်ငံခြားငွေရရှိမယ်။ တောင်သူတွေအတွက် အခွင့်အလမ်းကြီးမားစွာ ရရှိမှာပါ" ဟု ၎င်းက ပြောသည်။




ထို့အပြင် အခြားနိုင်ငံများသို့ တန်ဖိုးမြင့်ထုတ်ကုန် အေးခဲထောပတ်သီးအနှစ်များ တင်ပို့နိုင်ရန် ပြင်ဦးလွင်ထောပတ်သီး၊ အထွေထွေစိုက်ပျိုးထုတ်လုပ်ရေး၊ အထွေထွေသမဝါယမလီမိတက်ကလည်း လိုအပ်သည့်အခြေခံ အဆောက်အအုံများ တည်ဆောက်ရေးကို ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**




AFC Challenge League ပြိုင်ပွဲ ယှဉ်ပြိုင်မည့် ရှမ်းယူနိုက်တက်အသင်း။

## AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်ပါဝင်သော အုပ်စု (D) ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်မှစ၍ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် ၂၀၂၄–၂၀၂၅ ရာသီ AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လာမည့်ရက်ပိုင်းအတွင်း စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းပါဝင်သော အုပ်စု (D) ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်မှစ၍ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန် ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အနောက်အာရှဇုန်တွင် လေးသင်း သုံးအုပ်စု၊ အရှေ့အာရှဇုန်တွင် သုံးသင်း နှစ်အုပ်စုပါဝင်မည်ဖြစ်ကာ မြန်မာကလပ်ရှမ်းယူနိုက်တက်အသင်းသည် အရှေ့အာရှဇုန်အုပ်စု (D) တွင် တရုတ်တိုင်ပေ၊ လာအိုကလပ်များနှင့် ကျရောက်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (D) ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အနောက်အာရှဇုန်အုပ်စု (A) တွင် အရှေ့ဘင်ဂေါ (အိန္ဒိယ)၊ Nejmeh (လက်ဘနွန်)၊ Bashundhara Kings (ဘင်္ဂလားဒေ့ရှ်)၊ ပါရို (ဘူတန်)၊ အုပ်စု (B) တွင် အယ်လ်အာရာဘီ (ကူဝိတ်)၊ အာကာဘက် (တာ့ခ်မင်နစ္စတန်)၊ မာဇီယာ (မော်လ်ဒိုက်)၊ အဘာဒက်ရှ် (ကာဂျစ္စတန်)၊ အုပ်စု (C) တွင် အယ်လ်အာလီ (ဘာရိန်း)၊ အယ်လ်ဖိုတိုဝါ (ဆီးရီးယား)၊ အယ်လ်ဆာဘ် (အိုမန်)၊ ဟီလယ်လ် (ပါလက်စတိုင်း)၊ အရှေ့အာရှဇုန်အုပ်စု (D) တွင် ရှမ်းယူနိုက်တက် (မြန်မာ)၊ တိုင်နန်စီးတီး (တရုတ်တိုင်ပေ)၊ Young Elephant (လာအို)၊ အုပ်စု (E) တွင် မာဒူရာယူနိုက်တက် (အင်ဒိုနီးရှား)၊ Svay Rieng (ကမ္ဘောဒီးယား)၊ ဖယ်လ်ကွန် (မွန်ဂိုလီးယား) အသင်းတို့ ပါဝင်နေသည်။ အုပ်စု (D) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၇ ရက်တွင် ရှမ်းယူနိုက်တက် (မြန်မာ)နှင့် Young Elephant (လာအို)၊ အောက်တိုဘာ ၃၀ ရက်တွင် တိုင်နန်စီးတီး (တရုတ်တိုင်ပေ) နှင့် Young Elephant (လာအို)၊ နိုဝင်ဘာ ၂ ရက်တွင် ရှမ်းယူနိုက်တက် (မြန်မာ) နှင့် တိုင်နန်စီးတီး (တရုတ်တိုင်ပေ) တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပွဲအားလုံးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ညနေ ၄ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ အရှေ့အာရှဇုန်အုပ်စုနှစ်ခုတွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းစီမှာ နောက်တစ်ဆင့်တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အနောက်အာရှဇုန်တွင် အုပ်စုသုံးခုမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများ အနက် အကောင်းဆုံးတစ်သင်း စုစုပေါင်းလေးသင်းမှာ နောက်တစ်ဆင့်တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**သတင်း– ကိုညီလေး**
**ဓာတ်ပုံ–SUFC**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၆–၁၀–၂၀၂၄ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၆)၊ အမှတ် (၄၃) တွင် သူငယ်ချင်းအပေါ် မဆင်မခြင်၊ အထင်အမြင်သေးစွာ ပြုမူခဲ့မိသည့်အတွက် နောင်တရသွားသည့်အကြောင်း သရုပ်ဖော်ထားသည့် "ညီမလေးအတွက်" မျက်နှာဖုံးကာတွန်း၊ အစားကို မဆင်မခြင်စားမိ၍ ဗိုက်နာကာ ဆေးခန်းသွားပြရသည့် ဖြိုးရဲအကြောင်း သရုပ်ဖော်ထားသည့် "တွေးတောဆင်ခြင်မှု" နှစ်မျက်နှာကာတွန်း၊ ဒုက္ခရောက်နေသောခွေးလေးကို စေတနာ၊ မေတ္တာထားကာ ပြုစုစောင့်ရှောက်ပေးသည့်အတွက် အကျိုးခံစားရသည့်အဘိုးအိုနှင့် အဘွားအိုတို့အကြောင်း ရေးသားထားသည့် "စေတနာကံ" ပုံပြင်ကဏ္ဍ၊ ဦးကေဇော်က ပညာရပ်တစ်ခုကို ဆရာများထံတွင် စနစ်တကျ လေ့လာ သင်ယူသင့်ကြောင်း ချစ်မွေးအား ပြောပြထားသည်ကို သရုပ်ဖော်ထားသည့် "ပညာဟူက ကြိုးစားရ" တစ်မျက်နှာကာတွန်း၊ အချိန်ကို တန်ဖိုးထား၍ အကျိုးရှိစွာ အသုံးချတတ်သည့် မောင်အောင်အကြောင်း ရေးသားထားသည့် "အချိန်၏တန်ဖိုး" ဝတ္ထုကဏ္ဍ၊ စကိတ်စီးရင်း ဒဏ်ရာရသွားသည့် ဖိုးဇော်အကြောင်း သရုပ်ဖော်ထားသည့် "ဘေးရန်ကင်း" နှစ်မျက်နှာကာတွန်း၊ စာဖတ်ဝါသနာပါသော မျိုးမျိုးနှင့် စာမဖတ်ဘဲ ပုံပြင်နားထောင်ရသော ထူးထူးတို့အကြောင်း သရုပ်ဖော်ထားသည့် "ထူးထူးပါဝင်သောပုံပြင်" နှစ်မျက်နှာကာတွန်း၊ ဥစ္စာ၊ ပညာ၊ ဂုဏ်ဒြပ်တို့သည် လူ၏တန်ဖိုးမဟုတ်ဘဲ ရိုးသား၍ ကိုယ်ကျင့်တရားစောင့်ထိန်းမှသာ တန်ဖိုးရှိသောလူဖြစ်မည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "လူ့တန်ဖိုး" ကဗျာကဏ္ဍ၊ ဆရာသိလိုသည်ကို မေးထားရာ တပည့်က ဟာသဖြင့် ပြန်လည်ဖြေဆိုထားသည့်အကြောင်း သရုပ်ဖော်ထားသည့် "ဖိုးဂျီ" မျက်နှာဝက်ကာတွန်း၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်ကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

# တိုင်းရင်းသားရိုးရာစကားပုံ ပုံပြင်များ

မင်းသက်တင်

**မစူးစမ်းမဆင်ခြင်က အကျိုးပျက်ရ**

"ဟေ့ဟေ့ - ငါ့ပိုင်နက်ထဲကို ဘယ်ကောင် ကျူးကျော်လာတာလဲ၊ အခုရပ်"

"ဒီတောတစ်ခုလုံးရဲ့ ကေသရာဇာခြင်္သေ့မင်းပဲ ဆိုတာ မသိရှော့သလား"

"မင်းကလည်းခြင်္သေ့မင်း၊ ငါကလည်းဖားမင်းပဲ၊ ဒါကြောင့် ငါ့ပိုင်နက်ကိုငါခွင့်မပေးဘဲ လာခွင့်မပြုဘူး" ဖားကလေးက ရေစပ်နားကို တဖြည်းဖြည်း ချဉ်းကပ်လာတဲ့ ခြင်္သေ့မင်းကို မြင်လိုက်တဲ့အခါ သဘောပေါက်သွားပြီး စိတ်ဆိုးမာန်ဆိုးလေသံနဲ့ အော်ဟစ်ပြောဆိုလိုက်တယ်။

"ဟေ့- ဟေ့- ဖားသူငယ်၊ အကောင်သေးသေးလေးနဲ့ ရာရာစစကွာ၊ ငါလို ကေသရာဇာခြင်္သေ့မင်းကိုများ ဘာထင်နေသလဲ"

"တော် တန် တိတ်၊ ဘာမှပြောမနေနဲ့ အခု ထွက်သွားလိုက်တော့"

အကောင်သေးငယ်တဲ့ ဖားသူငယ်က ကေသရာဇာခြင်္သေ့မင်းကို မလေးမစားပြောရပ့်ါ မလားဆိုပြီး ခြင်္သေ့လည်ဆံမွေးတွေ ထောင်ထလာကာ ဒေါသအိုးပေါက်ကွဲတော့တာပေါ့။ ခြင်္သေ့မင်းဟာအားယူပြီး ပါးစပ်ကိုဟလိုက်ရာ ကျယ်လောင်တဲ့ဟိန်းဟောက်သံကြီး ပေါ်ထွက်လာပါရော။ ဖားသူငယ်ကတော့ ခြင်္သေ့ကြီး အားယူလိုက်ကတည်းက ရေထဲကိုငုပ်လျှိုးနေလိုက်တာပေါ့။

"ဘာမဟုတ်တဲ့ကောင်လေး ခုတော့ နားကွဲ သေပြီမဟုတ်လား"

ခြင်္သေ့ကြီးက မြည်တွန်တောက်တီးကာ ကျေနပ်တဲ့ဟန်နဲ့ ရေသောက်ဖို့ပြင်လေရာ ဖားသူငယ်က ဒေါသတကြီးအော်ဟစ်လိုက်တာပေါ့ကွယ်။

"ဒီနေရာကနေ ထွက်သွားဆိုတာ မသွားသေးဘူးလား ဟင်း ဟင်း ဟင်း"

မာန်ပါပါဟန်အပြည့်နဲ့ ကြာရွက်ပေါ်မှာ ထိုင်ရင်း အော်ပြောလိုက်သံကြောင့် ခြင်္သေ့ကြီးက ဒေါသတွေ ပိုမိုထွက်လာကာ ထပ်မံဟိန်းဟောက်လိုက်ပြန်တယ်။ ခြင်္သေ့ကြီး ဟိန်းဟောက်ဖို့ အားယူနေစဉ်မှာပဲ ဖားသူငယ်က ရေထဲကို ငုပ်လျှိုးသွားလေတယ်။

"မင်းကလည်း ခြင်္သေ့မင်း၊ ငါလည်း ဖားမင်း၊ ဒီနေရာက မင်းချက်ချင်းထွက်သွားတော့" ကေသရာဇာခြင်္သေ့မင်းကို မလေးမစားပြောရပ့်ါမလား ဆိုပြီး ခြင်္သေ့လည်ဆံမွေးတွေ ထောင်ထလာကာ ဒေါသအိုးပေါက်ကွဲပြီး ရေကန်ရှိရာကို အရှိန်နဲ့ ပြေးဆင်းလာတာပေါ့။

ဖားသူငယ်ကို လုံးဝဂရုမစိုက်ဘဲ ရေကန်ကို ငုံ့ကြည့်လိုက်တယ်။

"ဝေါင်း"

ခြင်္သေ့မင်းဟာ ရုတ်တရက်မြင်လိုက်ရတဲ့ မြင်ကွင်းကို မစူးစမ်းမဆင်ခြင်ဘဲ ရေထဲကို ခုန်အုပ်လိုက်ပါတော့တယ်။ ခြင်္သေ့မင်းဟာ ရေကန်ထဲက သူ့ပုံရိပ်ကိုမြင်ပြီး သူ့ကိုရန်ပြုမည့်သူအဖြစ် မှတ်ထင်ကာ အရှိန်နဲ့ခုန်အုပ်လိုက်တာကြောင့် ရေကန်ရဲ့ အောက်ဘက်ရေနက်တွင်းထဲအထိ ကျရောက်သွားပြီး သေပွဲဝင်ရတော့တာပေါ့ကွယ်။

ဒီအဖြစ်တွေဟာ ဟိုးရှေးရှေးတုန်းကပါပဲ။

❖ **ရေကန်ကြီးအပါးမှာ ပျော်ရွှင်မြူးထူးနေကြတဲ့ သတ္တဝါတွေအားလုံး ဘေးလွတ်ရာကို ထွက်ပြေးကြတော့တာပေါ့။ ပျော်စရာရေကန်ကြီးဟာ ရုတ်တရက် တိတ်ဆိတ်ခြောက်ကပ်သွား**

❖ **ဖားသူငယ်ရဲ့.. သင်ခန်းစာပေးမှုကြောင့် ကေသရာဇာခြင်္သေ့မင်းကြီး သေပွဲဝင်ရတာကိုကြည့်ပြီး ဖားသူငယ်ကတော့ ကြာဖက်ကြီးပေါ်မှာ ထိုင်ရင်း ပြုံးနေတော့သတဲ့**

တောဘုရင် ကေသရာဇာခြင်္သေ့မင်းကြီးဟာ တောတွင်းမှာသွားလာရင်း ရေဆာလာတယ်။ နေကလည်းမြင့်လာချိန်ဆိုတော့ ရေကပိုဆာလာလို့ စိတ်လည်းတိုလာတော့တယ်။ အဲဒီအချိန်မှာပဲ တောင်အောက်နားမှာ သာယာလှပတဲ့ရေကန်ကြီးကို လှမ်းမြင်လိုက်ရလို့ တစ်ရှိန်ထိုးပြေးဆင်းလာတော့လေတယ်။

ကေသရာဇာခြင်္သေ့မင်း ဒုန်းစိုင်းလာတာ သိလိုက်ရတဲ့ ရွှေကျေးလေးတွေက ရေကန်ကြီးဆီကိုအပြေးသွားပြီး မိတ်ဆွေတွေကို သတင်းပို့တာပေ့ါ။

"အဆွေတို့ ခြင်္သေ့ကြီးဒုန်းစိုင်းလာနေတယ်၊ ရှောင်ရှားကြကုန်လော့"

ရေကန်ကြီးအပါးမှာ ပျော်ရွှင်မြူးထူးနေကြတဲ့ သတ္တဝါတွေအားလုံး ဘေးလွတ်ရာကို ထွက်ပြေးကြတော့တာပေါ့။ ပျော်စရာရေကန်ကြီးဟာ ရုတ်တရက် တိတ်ဆိတ်ခြောက်ကပ်သွားတော့တယ်။

"ဩော်... ဩော်... အမွေးစုတ်ဖွား၊ ပါးစပ်ပြဲပြဲ၊ အစွယ်ဖွေးဖွေးနဲ့ အကောင်ကြီးတစ်ကောင်ပဲ၊ ဒီကောင်ကြီးလာလို့ ငါ့ဘော်ဒါတွေ ထွက်ပြေးကုန်တာပဲ"

ဖားသူငယ်ရဲ့.. သင်ခန်းစာပေးမှုကြောင့် ကေသရာဇာခြင်္သေ့မင်းကြီး သေပွဲဝင်ရတာကို ကြည့်ပြီး ဖားသူငယ်ကတော့ ကြာဖက်ကြီးပေါ်မှာ ထိုင်ရင်း ပြုံးနေတော့သတဲ့။

သားတို့၊ သမီးတို့လည်း **"မစူးစမ်းမဆင်ခြင်က အကျိုးပျက်ရ"**ဆိုတဲ့ တိုင်းရင်းသားသွေးချင်းတို့ရဲ့ စကားပုံတွေထဲက မြန်မာ့ရိုးရာစကားပုံလာ ဖြစ်စဉ်သာဓကကိုအကြောင်းပြုပြီး ဆင်ခြင်တရားအသိပွားကာ ဘဝတစ်လျှောက်မှာ လောကကိုအလှဆင်နိုင်ကြသူများ ဖြစ်ကြပါစေကွယ်။

■

# တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**ကချင်ရိုးရာစကားထာ**

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းအတွင်း ကျေးလက်တောရွာတစ်ရွာရှိ သူငယ်ချင်းနှစ်ဦးဖြစ်သည့် ဗညားနှင့် လဂွန်းအိမ်တို့သည် ရွာဦးကျောင်း၌ ကျောင်းသင်ခန်းစာနှင့် ဘုန်းတော်ကြီးသင်စာပေများကိုသင်ယူလျက်ရှိသည်။

မွန်တိုင်းရင်းသားဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစား ပညာဆည်းပူးနေကြသူများဖြစ်ရာ ပညာကိုလိုလားပြီး စာကြိုးစားသူများလည်းဖြစ်သည်။ အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားကြလေ့ရှိကြသည်။

"ဗညားရေ ငါ ဉာဏ်စမ်းကစားမယ်ကွာ"

**❛လဂွန်းအိမ်က အဆိုပါမေးခွန်း၏အဖြေကို သိနေသည်လားမသိ။ အေးအေးလူလူဖြင့် ခပ်ပြုံးပြုံးပင်။ သိပ်ပြီးစဉ်းစားဟန်မရှိဘဲ မြက်ခင်းစိမ်းစိမ်းများကို လက်ဖြင့်တစ်ချက် သပ်လိုက်ပြီး ဖြည်းဖြည်းချင်း ပြန်ဖြေပေးလိုက်သည်။ သူငယ်ချင်းမေးတာက 'မကိုင်တဲ့ တောင်ဝှေး' ကိုမေးထားတာဆိုတော့ အဖြေက 'မြွေ' ပေါ့။ ကချင်တိုင်းရင်းသား ရိုးရာစကားထာတွေထဲကပဲနော်❜**

လဂွန်းအိမ်က မြက်ခင်းစိမ်းစိမ်းများပေါ်သို့ လဲလျောင်းလိုက်ရင်း ပြောသည်။

"မေးပါကွာ၊ ငါက အမြဲအဆင်သင့်ပဲ"

ဗညားက ဘောလုံးကိုအဝေးသို့ ကန်ထုတ်လိုက်ရင်းပြန်ပြောသည်။ "မေးပြီကွာ။ မီးတုတ်မှန်လည်း ညှိ၍မရတဲ့ အဲဒါ ဘာလဲ"

"လဂွန်းအိမ်ရာ မင်းရဲ့မေးခွန်းကလည်း အဆန်းပဲနော်။ မီးတုတ်မှန်လည်း ညှိမရဆိုတော့... မီးကသေနေလို့လား၊ အစကတည်းက မီးမပါတဲ့ မီးတုတ်များလား... စဉ်းစားရမှာပေါ့'"

ဗညားတစ်ယောက် မန်ကျည်းပင်ကြီး၏ ပင်စည်ကို ကျောမှီထိုင်လိုက်ရင်း စဉ်းစားခန်းဖွင့်နေ၏။

"အဖြေကတော့ ရှိပြီးသား၊ မင်းစဉ်းစားလို့မရရင် ပန်းပေးလိုက်ပေါ့ကွာ ဟင်း ဟင်း ဟင်း" လဂွန်းအိမ်၏စကားကြောင့် ဗညားတစ်ယောက် အခံရခက်နေရပြီး တဖြည်းဖြည်းပြုံးယောင်သန်းလာသည်။

"စဉ်းစားရင် အဖြေကထွက်လာပါတယ်ကွာ။ မင်းမေးတဲ့ 'မီးတုတ်မှန်လည်း ညှိမရ'ဆိုတာ ကချင်တိုင်းရင်းသားရိုးရာ စကားထာတွေထဲကပဲ။ အဖြေက 'ပိုးစုန်းကြူး'လေ၊ ဟုတ်တယ် ဟုတ်'

ဗညားက ဉာဏ်စမ်းအဖြေကို ပိုင်ပိုင်နိုင်နိုင်ဖြေဆိုလိုက်ရာ လဂွန်းအိမ်တစ်ယောက် အသံတိတ်သွားတော့သည်။

"ဒီတစ်ခါ ငါမေးရမယ့် အလှည့်ရောက်ပြီ၊ ကြိုးစားပြီးသာ ဖြေပေတော့ လဂွန်းအိမ်ရေ" "မေးမှာသာ မေးစမ်းပါကွာ"

"မေးပြီသူငယ်ချင်းရေ၊ ဆီးသွားလျက် ရေမသောက်တဲ့သတ္တဝါဆိုတာ ဘယ်လိုသတ္တဝါလဲ" ခုတစ်ခါခေါင်းကုတ်လိုက်ရသည်က လဂွန်းအိမ်။ ခေါင်းကုတ်ကာ စဉ်းစားသော်လည်း အဖြေကား ချက်ချင်းမထွက်နိုင်ဖြစ်နေရသည်။

"ဘယ်လိုလဲ သူငယ်ချင်း၊ ဟိုသီချင်းထဲကလို စဉ်းစားကာ နေရဦးမယ်...ပေါ့ကွာ"

အကြံအိုက်နေသည့် လဂွန်းအိမ်ကို ဗညားက မထိတထိ ခပ်ထေ့ထေ့ပြောလိုက်ခြင်းဖြစ်သည်။

"အဲဒါကို ခဏထားလိုက်ပါဦးကွာ၊ နောက်မှ ငါဖြေမယ်။ မေးခွန်းတစ်ခုမေးချင်လို့"

"နိုးနိုး..သူငယ်ချင်း၊ အဖြေမပေးရသေးဘဲ နောက်မေးခွန်းမေးတာ လက်မခံနိုင်ပါဘူးဗျာ။ ဖြေမှာသာ ဖြေပါ၊ အချိန်ကစေ့တော့မယ်နော်"

လဂွန်းအိမ်၏စကားကို ဗညားကလက်မခံသဖြင့် အဖြေကိုမရမကစဉ်းစားကာ လဂွန်းအိမ်တစ်ယောက် ဖြေရတော့မည်ဖြစ်သည်။

"ဒါဆိုလည်း ဖြေရတာပေါ့၊ "ဆီးသွားလျက် ရေမသောက်တဲ့ သတ္တဝါ"လို့ မေးထားတာဆိုတော့ ဟင်း ဟင်း ဟင်း အဖြေကရှင်းပါတယ် သူငယ်ချင်းရာ။ အဖြေက... 'ဆိတ်'ဆိုတဲ့ သတ္တဝါပေါ့။ ကချင်တိုင်းရင်းသား ရိုးရာစကားထာတွေထဲက မဟုတ်လား"

လဂွန်းအိမ်ဖြေဆိုလိုက်သည့်အဖြေက တိကျသေချာမှုကြောင့် ဗညားတစ်ယောက်မျက်လုံးပြူးသွားရသည်။ "တော်ပါပေတယ် သူငယ်ချင်းရယ်၊ ငါတစ်ခုမေးဦးမယ်"

"မေးလေ ဗညား၊ မေးပါ"

"မေးချင်တာကတော့ မကိုင်တဲ့ တောင်ဝှေး ဆိုတာ ဘာလဲ"

လဂွန်းအိမ်က အဆိုပါမေးခွန်း၏အဖြေကို သိနေသည်လားမသိ။ အေးအေးလူလူဖြင့် ခပ်ပြုံးပြုံးပင်။ သိပ်ပြီးစဉ်းစားဟန်မရှိဘဲ မြက်ခင်းစိမ်းစိမ်းများကို လက်ဖြင့်တစ်ချက်သပ်လိုက်ပြီး ဖြည်းဖြည်းချင်း ပြန်ဖြေပေးလိုက်သည်။

"သူငယ်ချင်းမေးတာက 'မကိုင်တဲ့ တောင်ဝှေး' ကိုမေးထားတာဆိုတော့ အဖြေက 'မြွေ' ပေါ့။ ကချင်တိုင်းရင်းသား ရိုးရာစကားထာတွေထဲကပဲနော်"

"မှန်ပါ့ဗျာ မှန်ပါ့"

ထိုအချိန်တွင် ဘုန်းကြီးကျောင်းမှ နာရီသံချောင်းခေါက်သံနှစ်ချက်ထွက်ပေါ်လာရာ ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၃၄၉/ခ၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၃၄၉/ခ)၊ သုမန (၁)လမ်း၊ ၅-ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်လှရွှေ (CJ-၀၂၀၀၂၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်စန်းစန်းဝင်းမှ တရားလိုပြုလုပ်၍ အမည်ပေါက် ဒေါ်လှရွှေအား တရားပြိုင်ထားကာ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၁၁/၂၀၂၃ ဖြင့် အိမ်နှင့်မြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၇-၁၀-၂၀၂၃)ရက်စွဲပါ စီရင်ချက်တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၂/၂၀၂၃ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၁၉-၆-၂၀၂၄) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ ဗိုလ်တထောင်ခရိုင်တရားရုံး၏ (၂၆-၆-၂၀၂၄) ရက်စွဲပါစာအမှတ်-၉၅၅/၅-၂/၂၀၂၄ ဖြင့် တရားရုံးကိုယ်စားမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာ တရားရုံးအရာရှိအဖြစ် ဘီလစ်ဒေါ်အင်ကြင်းဆွေ [၁၂/ဗဟန(နိုင်)၁၀၁၀၂၁] က မြေပုံ၊မြေရာဇဝင်ကူးယူခြင်း ဆောင်ရွက်ရန်ခန့်အပ်ပြီးကြောင်း ဌာနသို့အကြောင်းကြားစာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘီလစ်ဒေါ်အင်ကြင်းဆွေမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္တပင်တောင်ပိုင်းရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ်(၇၂၁/စီ) တွင် တည်ရှိသော (၁၁၀' x ၂၂၀')အကျယ်ရှိသောခြံအား အရပ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဥမ္မာမြင့် [၁၂/ဗတထ(နိုင်)၀၀၈၈၄၀] ထံမှ (၄၅' x ၁၀၀') အကျယ် ခြံမြေအစိတ်အပိုင်းအား ငွေကျပ်(၉၅၀)သိန်းတိတိဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်၍ ယင်းခြံမြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေသူငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၂၈၈/၂၀)**
**အမှတ်-၇၊ ၅-လမ်း၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။**

---

## တရားဝင်ကွာရှင်းပြတ်စဲကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၀)လမ်းနေ ဦးသောင်းပို (ဒွေးမြန်မာကားဝပ်ရှော့) မှတ်ပုံတင်အမှတ်[၈/ထလန(နိုင်)၀၂၂၅၀၄] ကိုင်ဆောင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ကုလားကြီးစု၊ နီလာလမ်း၊ အိမ်အမှတ်-၄၀၄ နေ ဒေါ်အိချိုမာ မှတ်ပုံတင်အမှတ် [၁၂/လကန(နိုင် )၁၈၀၉၈၉] ကိုင်ဆောင်သူတို့သည် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် (၁၁-၁၀-၂၀၂၄)ရက်နေ့တွင် အင်းစိန်ခရိုင်တရားရုံး၌ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦးသည် ပစ္စည်းခန်းပိုင်ဆိုင်မှုဖြစ်စေ၊ လူမှုရေးကိစ္စရပ်များဖြစ်စေ မည်သို့မျှ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိချိုမာ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုလှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၉၁)**
**အမှတ်(၅၈)ပထပ်၊မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။**
**ဖုန်း-09-793729756၊ 09-420422098**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၈)၊ မြေကွက်အမှတ် (၆၂၉)၊ မြေကွက်တည်နေရာ (၆၂၉)၊ (၁၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးတင်ဝင်း(C/RGN-000684)၊အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်ညွှန့်ညွှန့် [၁၂/ဥကတ(နိုင်)၁၃၇၂၄၇]မှ ပါမစ်မူရင်း (မှတ်ပုံတင်စာရင်းရေးသွင်းထားမှုမရှိ) (မူရင်းတံဆိပ်တုံးမပါ)၊ အရပ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ညွှန့်ညွှန့်မှ ပါမစ်မူရင်း (မှတ်ပုံတင်စာရင်းရေးသွင်းထားမှုမရှိ) တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်သစ်)၊ မြေကွက်အမှတ်(၆၁၆)၊ မြေကွက်တည်နေရာအမှတ်(၃၁)၊ အောင်ဇေယျ(၂)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြစိန် [၁၂/ သဃက(နိုင်)၀၈၃၇၀၅](မိခင်) နှင့် ဦးကျော်သာအောင်(ဖခင်)တို့ အသီးသီး ကွယ်လွန်ကြသဖြင့် ဦးတင်ညွှန့် [၁၂/သဃက(နိုင်)၁၃၆၇၁၁]၊ ဦးတင်အောင်ကျော် [၁၂/သဃက(နိုင်)၀၈၃၇၀၆]၊ ဒေါ်မိုးမိုးကျော်[၁၂/သဃက(နိုင်)၀၈၃၇၀၈]၊ ဦးစိုးမိုး [၁၂/ဗတထ(နိုင်)၀၀၁၈၁၅]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား၊ သမီးများ တော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ-၄၄၀/၂၀၂၄(၈-၁-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်(မူရင်း)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ဗလမင်းထင်လမ်း၊ မြေကွက်အမှတ်(၂၈၀)၊ မြေအကျယ်အဝန်း(၂၅ပေx၆၀ပေ)၊ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ်(၂၈၁)နှင့်ကပ်လျက် ဘက်အခြမ်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးဝင်းမော်(AG- ၃၁၆၇၀၇)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဖခင်ဖြစ်သူ ဦးအောင်ဝင်းသည် “နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့်” ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ဖခင်ဖြစ်သူ ဦးအောင်ဝင်းမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏သားသမီးများဖြစ်ကြသော၁။ဒေါ်စန္ဒာဝင်း [၁၂/မရက(နိုင်)၁၂၆၁၈၂]၊ ၂။ဦးခင်မောင်ဝင်း[၁၂/မရက(နိုင်)၁၂၆၁၈၁]၊ ၃။ဦးအောင်ကျော်မိုး [၁၂/ဒဂမ(နိုင်)၀၁၂၂၆၂]တို့မှ အမွေဆက်ခံပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေး ချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** (စဉ်-၁၁၄၀၆) တရားလွှတ်တော်ရှေ့နေ

**ဒေါ်စုစုလှိုင်(LL.B)** (စဉ်-၅၅၅၆၃)

**ဒေါ်ချန်ပေါင်လူး(LL.B)** (စဉ်-၅၆၄၉၈)

**ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** (စဉ်-၅၆၆၆၂)

**အထက်တန်းရှေ့နေများ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ လပွတ္တာ(၃)မိုင်မြို့သစ်၊ ကွင်း/အကွက်အမှတ် (၅၇၉/ကျောက်မှော်တောင်ကွင်း)၊ မြေကွက်အမှတ်(C-1)၊ မြေဧရိယာ(၁.၈၃၆)ဧကရှိမြေအား ဦးထွန်းအေး(ရွှေယမုံ)အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပြီး (၇-၇-၂၀၂၄) နေ့တွင် ဦးထွန်းအေးထံမှ ဦးယုလွင်၊ ဦးထွန်းထွန်းနိုင်၊ ဦးနေမိုးလင်းတို့သည် အပြီးအပိုင်ဝယ်ယူခဲ့၍ ၎င်းတို့၏အမည်ဖြင့် မြေပေးမိန့်အမည်ပြောင်းလဲနိုင်ရန်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၅)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိကြေညာအပ်ပါသည်။

**ဦးယုလွင်** [၁၀/ဂမန(နိုင်)၁၆၂၀၆၃]
ဖုန်း-၀၉-၄၅၀၀၄၉၉၅၁
**ဦးထွန်းထွန်းနိုင်** [၁၄/လပတ(နိုင်)၁၁၄၀၄၃]
ဖုန်း-၀၉-၇၈၂၀၉၃၅၆၆
**ဦးနေမိုးလင်း** [၁၂/မရက(နိုင်)၁၁၃၀၄၄]
ဖုန်း-၀၉-၅၀၀၅၂၁၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၁၆၈/က၊ မြေကွက်တည်နေရာအမှတ်-၁၆၈/က၊ မဟော်သဓာ(၃)လမ်း၊ ၁၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဒေါ်ငွေကျင်) (ISN ၁၇၆၀၃၂) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးဟန်[၁၂/မဂတ(နိုင်)၀၄၅၉၁၁]မှ ပါမစ်မူရင်း (ခတ်ပုံမှတ်တမ်းပျက်စီး)၊ အရပ်စာချုပ်အဆက်စပ်များ၊ နိုင်ငံသားစိစစ်ရေး ကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် တစ်ထပ်တိုက်အဆောက်အဦတစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင် နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အေးအေးဟန်မှ ပါမစ်မူရင်း(ခတ်ပုံမှတ်တမ်းပျက်စီး) တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ (၈)ထပ်တိုက်ရှိ အမှတ်(၁၁၂-A/B)၊ အခန်းအမှတ်(၁၀၂)ပထမထပ်၊ အကျယ်အဝန်း(၁၅ x ၆၀)ပေ၊ တိုက်ခန်းကို ဒေါ်နှင်းစိန် [၉/မရမ(ဧည့်)၀၀၀၂၇၄]မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်အရ ကာလတန်ဖိုးတစ်ရပ်ဖြင့်ရောင်းချရန် အဆိုပြုရာတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စူနီသားကူမာရီ [၇/ဖမန(ပြု)၀၁၁၀၀၉]မှလည်း ဝယ်ယူရန် သဘောတူညီပါသောကြောင့် (၂၃-၁၀-၂၀၂၄) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ် အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စူနီသားကူမာရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး**
**အထက်တန်းရှေ့နေ(စဉ်-၁၉၁၂၁/၃၀-၆-၂၀၀၄)**
**အမှတ်(၂၄၈/ခ)၊ ဇေယျာဝတီ(၇)လမ်း၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၀၇၅၁၆၃၈၊ ၀၉-၄၃၀၇၃၃၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၁၄၃၃)၊ ဧရိယာ(၀.၀၆၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၄၃၃)၊ (၆၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးကျော်ဇေ[၁၂/လမတ(နိုင်)၀၁၀၉၂၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် (ဖခင်) ဦးကျော်ဇေ[၁၂/လမတ(နိုင်)၀၁၀၉၂၁]သည် (၆-၂-၂၀၁၀)ရက်နေ့တွင်လည်းကောင်း၊ (မိခင်) ဒေါ်စောတင်သည် (၂၁-၃-၁၉၉၈)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သား/သမီးများဖြစ်ကြသော ဒေါ်သီသီဝေ[၁၂/လမတ(နိုင်)၀၀၉၇၆၁]၊ ဦးမျိုးအောင် [၆/မအရ(နိုင်)၀၂၅၄၅၈]၊ ဦးခင်ဇော်[၁၂/လမတ(နိုင်)၀၁၅၉၅၂]၊ ဒေါ်သန်းသန်းထွေး[၆/မအရ(နိုင်)၀၂၄၄၅၁]တို့မှ သား/သမီးတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၅၁၂/၂၀၂၄(၁၄-၈-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ်(၅၆၁/က)၊ ဧရိယာ(၂၀ ပေ x ၆၀ ပေ)၊ မြေကွက်တည်နေရာအမှတ်(၅၆၁/က)၊ မြို့မ(၄)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသိန်းမောင် [၁၂/သကတ(နိုင်)၀၇၆၀၅၈]အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား ဦးနေဘုန်းလင်းမှ တရားလိုပြုလုပ်၍ အမည်ပေါက် ဦးသိန်းမောင်နှင့် ဦးကျော်ဇေယျာတို့အား တရားပြိုင်ထားကာ ဗိုလ်တထောင်ခရိုင်တရားရုံး တရားမကြီးမှုအမှတ်(၈၆/၂၀၂၃) ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့မှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၉-၉-၂၀၂၃) ရက်စွဲပါစီရင်ချက် တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၁၀၄/၂၀၂၃ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၁-၂-၂၀၂၄)ရက်စွဲပါ အမိန့်နှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဗိုလ်တထောင်ခရိုင်တရားရုံး၏ (၁၂-၃-၂၀၂၄)ရက်စွဲပါ၊ စာအမှတ်-၄၂၈/၅-၂/၂၀၂၄ ဖြင့် တရားရှုံးကိုယ်စားမှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် ဘီလစ်အရာရှိ ဒုတိယဦးစီးမှူး ဒေါ်အင်ကြင်းဆွေ [၁၂/ဗဟန(နိုင်)၁၀၁၀၂၁]က မြေပုံမြေရာဇဝင်ကူးယူခြင်းဆောင်ရွက်ရန် ခန့်အပ်ပြီးကြောင်း ဌာနသို့ အကြောင်းကြားသည့် ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘီလစ် ဒေါ်အင်ကြင်းဆွေမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါ တင်ဒါအား(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| က | 45(T)/ESE/2024-2025 | ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် Generator (၂၃) လုံးအား ဒေသအရောက် Lot အလိုက်ဝယ်ယူရန် |

တင်ဒါစတင်ရောင်းချမည့်ရက် - (၂၅-၁၀-၂၀၂၄)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၈-၁၁-၂၀၂၄) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၄ နှင့်ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၇။

ဦးလှမျိုး နှင့် ၁။ ဦးဝင်းနိုင်
၂။ ဌာနမှူးအင်ဂျင်နီယာ(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၃။ ဒေါ်ခိုင်မွန်အေး

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝင်ဆာလမ်း(ရှင်စောပုလမ်း)၊ အမှတ်(၁၉)နေ (၁)တရားရှုံး ဦးဝင်းနိုင် (Royal Win Construction Group)** သိစေရမည်။

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၄** တွင်ကျရှိသည့် **ဒီကရီကို အတည်ပြုလုပ်ရန်** ဤရုံးတော်တွင် **တရားနိုင် ဦးလှမျိုးက** လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ (၁၃၈၆ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၃ ရက်) နံနက် (၁၀:၃၀) နာရီအချိန်**တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့**တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စန်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅/ကံဘဲ့)၊ မြေကွက်အမှတ်(၉/၅-၂)၊ ဧရိယာ(၀.၀၄၉)ဧက၊ မြေကွက်တည်နေရာအမှတ်(9-C)၊ ပြည်တော်အေးရိပ်သာလမ်း၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးတင်အောင်ဝင်း [၁၂/ကတတ(နိုင်)၀၂၅၃၃၀]အမည်ပေါက် မြေပိုင်ဂရန်မြေမြေအား ဒေါ်ခင်ဆွေနွဲ့[၁၂/ရကန(နိုင်)၀၂၆၅၇၄] အမည်ပေါက် ဦးတင်အောင်ဝင်း၊ ဒေါ်ခင်ဆွေနွဲ့(၂)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ဆွေနွဲ့ (မိခင်)နှင့် (ဖခင်) ဦးတင်မောင်တို့ အသီးသီးကွယ်လွန်၍ ဒေါ်ခင်ဆွေနွဲ့၏ ပိုင်ဆိုင်ခွင့်အစုအား သားသမီးများဖြစ်ကြသော ဒေါ်နီလာဆွေ[၁၂/ရကန(နိုင်)၀၂၆၄၈၆]၊ ဒေါ်ဖြူဖြူဆွေ[၁၂/ရကန(နိုင်)၀၂၇၈၉၀]၊ ဦးတင်အောင်ဝင်း [၁၂/ကတတ(နိုင်)၀၂၅၃၃၀]၊ ဒေါ်တင်တင်ထွေး(ခ) ဒေါ်မာလာဆွေ [၁၂/ရကန(နိုင်)၀၆၇၈၃၈]တို့ (၄)ဦးအနက် အမည်ပေါက်လည်းဖြစ်သူ၊ သားတစ်ဦးလည်းဖြစ်သူ ဦးတင်အောင်ဝင်းမှ ကိုယ်တိုင်နှင့် ဒေါ်နီလာဆွေ၊ ဒေါ်ဖြူဖြူဆွေ၊ ဒေါ်တင်တင်ထွေး(ခ) ဒေါ်မာလာဆွေတို့ထံမှ (G.P-၁၆၆/၂၀၂၄) (၁၇-၁-၂၀၂၄)ဖြင့် ရသူ ဦးတင်အောင်ဝင်းမှ ကွယ်လွန်သူမိဘများတွင် သား/သမီးအရင်းများအဖြစ် မိမိတို့မောင်နှမ(၄)ဦးတည်းကိုသာ မွေးဖွားခဲ့ပြီး မိမိတို့မှလွဲ၍ အခြားသော သား/သမီး မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံကိတ္တိမသား/သမီးများလည်း မွေးထားခဲ့ခြင်းလုံးဝမရှိကြောင်း မိခင်ဒေါ်ခင်ဆွေနွဲ့၏ ပိုင်ဆိုင်ခွင့်အစုအား မိမိတို့မောင်နှမ(၄)ဦးတည်းကသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဒေါ်နီလာဆွေ+၃ တို့၏ (၂-၄-၂၀၂၄)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ပါဝါ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း (၂-၄-၂၀၂၄)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ဒေါ်ခင်ဆွေနွဲ့၏ သေဆုံးမှုလက်မှတ်၊ ဦးတင်မောင်ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ထောက်ခံစာ၊ သေစာရင်းရှာဖွေမတွေ့ရှိကြောင်း တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပြန်ကြားစာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်(သောကြာနေ့)ညတွင် သီတင်းကျွတ်ချိန်ခါ စုံတွဲတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **"မင်းပဲ အနားမှာနေ" စုံတွဲတေးများ** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြား ပါသည်-

(၂၅-၁၀-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"မင်းပဲ အနားမှာနေ" စုံတွဲတေးများ တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ကံကောင်းလို့ | ပြင်ပအဆိုရှင် |
| ၂။ | ရှန်းတော်လွှတ်တော် | ဌာန+ပြင်ပအဆိုရှင် |
| ၃။ | အချိန်မီ | ပြင်ပအဆိုရှင် |
| ၄။ | စနေမှာရွှာတဲ့မိုး | ပြင်ပအဆိုရှင် |
| ၅။ | ချစ်ကမ္ဘာရှာမယ် | ပြင်ပအဆိုရှင် |
| ၆။ | နောက်ဆုံးအချစ် | ပြင်ပအဆိုရှင် |
| ၇။ | ကိုကိုစိတ်ကူးယဉ် | ပြင်ပအဆိုရှင် |
| ၈။ | နှဲသမားလေး | ပြင်ပ+ဌာနအဆိုရှင် |
| ၉။ | အချစ် | ပြင်ပ+ဌာနအဆိုရှင် |
| ၁၀။ | ပလပ်စတစ်အချစ် | ပြင်ပအဆိုရှင် |
| ၁၁။ | မင်းပဲအနားမှာနေ | ပြင်ပအဆိုရှင် |

# ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ ကမ်းနားလမ်း၊ အကွက်အမှတ်(၅၀/စစ်ကဲကုန်း)၊ ဦးပိုင်အမှတ်(၅၃/ဏ)၊ မြေချိန်ဧရိယာ (၀.၀၃၆)ဧကရှိနှင့် ဦးပိုင်အမှတ်(၅၃/န)၊ မြေချိန်ဧရိယာ(၀.၀၀၉)ဧက၊ စုစုပေါင်းဧရိယာ(၀.၀၄၅)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးဝင်းသန်း[၁၀/မလမ(နိုင်)၀၁၀၁၂၅]နှင့် ဒေါ်ခိုင်ခိုင်ဝင်း[၁၀/မလမ(နိုင်)၀၂၈၉၄၄]ကိုင်ဆောင်သူတို့ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ဦးဝင်းသန်းနှင့် ဒေါ်ခိုင်ခိုင်ဝင်းတို့မှ မော်လမြိုင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၀-၉-၂၀၂၄) ရက်စွဲပါ မြေကွက်အရောင်းအဝယ်စာချုပ်အမှတ်-၃၉၇/၂၀၂၄အရ ဒေါ်ခင်ပြုံးဝင်း [၁၀/မလမ(နိုင်)၂၃၃၆၇၆] ကိုင်ဆောင်သူအား ရောင်းချခဲ့ပြီးဖြစ်၍ ဒေါ်ခင်ပြုံးဝင်းမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်နေ့မှစ၍ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်၊ မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဒေါ်ခင်ပြုံးဝင်း၏ အမည်ပြောင်းလျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

# ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၂/ ဖက်ခင်း)၊ ဦးပိုင်အမှတ်(၃၄က/၅)၊ မြေချိန်ဧရိယာ (၀.၀၂၈) ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်စုစုခိုင်[၁၂/ခရန(နိုင်)၁၁၅၄၇၅] ကိုင်ဆောင်သူ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး ဒေါ်စုစုခိုင်မှ မော်လမြိုင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၀-၁-၂၀၂၄) ရက်စွဲပါ မြေကွက်အရောင်းအဝယ်စာချုပ်အမှတ်-၂၃ /၂၀၂၄ အရ ဒေါ်မာလာလွင်[၁၀/မလမ(နိုင်)၁၄၄၁၇၇]ကိုင်ဆောင်သူအား ရောင်းချခဲ့ပြီးဖြစ်၍ ဒေါ်မာလာလွင်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်၊ မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဒေါ်မာလာလွင်၏အမည်ပြောင်းလျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

# ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၉/စစ်ကဲကုန်း)၊ ဦးပိုင်အမှတ် (၁၂ )၊ မြေချိန်ဧရိယာ (၀.၀၄၁) ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော (၂)ထပ်တိုက်ခံနေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးအုန်းမြိုင်[၁၀/မလမ(နိုင်)၀၉၇၃၉၀]ကိုင်ဆောင်သူ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ဦးအုန်းမြိုင်မှ မော်လမြိုင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၁-၉-၂၀၂၄) ရက်စွဲပါ အိမ်နှင့်အိမ်ရာမြေကွက်အရောင်းအဝယ်စာချုပ်အမှတ်-၄၀၃/၂၀၂၄အရ ဦးအောင်မိုးဦး [၃/ကဆက(နိုင်)၀၄၀၁၄၄]ကိုင်ဆောင်သူအား ရောင်းချခဲ့ပြီးဖြစ်၍ ဦးအောင်မိုးဦးမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်၊ မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဦးအောင်မိုးဦး၏ အမည်ပြောင်းလျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၂-ရပ်ကွက်၊ စံရိပ်ငြိမ်(၆)လမ်း၊ အမှတ် -၆ ဟု ခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၅)ထပ်တိုက်၏ ဒုတိယထပ်(ဝဲဘက်)အခန်း၊ အကျယ်အဝန်း (၁၂'x ၅၀')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စင်သီယာမင်း [၁၂/မဂတ(နိုင်)၀၈၉၃၂၂]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအေးသောင်း [၅/ယမပ(နိုင်)၀၄၀၈၈၂]က ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** | **ဦးဟန်လင်းအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၈)** | **အထက်တန်းရှေ့နေ (စဉ် - ၅၆၆၆၈)** |

**အမှတ်-၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆၊ ဖုန်း-၀၉-၄၂၄၁၆၈၉၈၉၊ ၀၉-၉၇၂၁၂၈၂၁၅**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဇေယျ
### အသက်(၇၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ ဌာနစုမှူး(၁)၊ ဒေါ်သဉ္ဇာဇေယျ ၏ဖခင် ဦးကျော်ဇေယျ အသက်(၇၉)နှစ်သည် ၂၁-၁၀-၂၀၂၄ ရက်(တနင်္လာနေ့) နံနက် ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့်သံရုံးဝန်ထမ်းများ၊**
**မြန်မာသံရုံး၊ တိုကျိုမြို့**

## ဒေါ်ပြုံး
### အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၄၄၉)၊ မင်းရဲကျော်စွာလမ်း၊ (၄၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ (ဦးရွှေထူး-ဒေါ်စိန်တင်)တို့၏ သမီး၊ (ဦးရွှေဌေး-ဒေါ်ပွဲ)တို့၏ သမီးချွေးမ၊ (ဦးလှသိန်း-ဒေါ်စိန်ရွှေ)၊ (ဦးကျော်ခင်-ဒေါ်လှညွန့်)၊ (ဦးလှိုင်ရင်)-ဒေါ်ခင်ညွန့်၊ (ဦးကျော်မိုး-ဒေါ်သီသီ)တို့၏ ညီမ၊ (ဦးဘစိုး)-ဒေါ်စိန်စိန်တို့၏ အစ်မ၊ (ဦးမောင်မောင်)၏ ဇနီး၊ ဦးဇော်ဇော်လင်း-ဒေါ်နန်းခိုင်ဇင်ယု၊ ဦးရဲဝင်း-ဒေါ်မေသက်မွန်တို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွား ဒေါ်ပြုံးသည် ၂၄-၁၀-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်ပါသဖြင့် ၂၆-၁၀-၂၀၂၄ (စနေနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေ ဆွေမျိုးများအား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇-အက်ဖ်)၊ မြေကွက်အမှတ် (၆/ဃ ၃၁ဒီ)၊ ဧရိယာ (၀.၁၅၈)ဧက၊ မြေပိုင်မြေ (စက်မှုလက်မှုအလုပ်ရုံမြေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃၁/ဒီ)ဟုခေါ်တွင်သည့်မြေကွက်နေအိမ်အဆောက်အအုံ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေကွက် နေအိမ်အဆောက်အအုံ၏ တရားဝင် အမည်ပေါက်ပိုင်ရှင် **ဒေါ်တင်မြလွင် (ABN- ၀၆၂၇၁၇) [၁၂/လသန (နိုင်) ၀၀၃၀၆၁]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် မြေကွက်နေအိမ် အဆောက်အအုံတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက် နေအိမ် အဆောက်အုံအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နေအိမ်အဆောက်အအုံ အရောင်းအဝယ် ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အပိုင်ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်- ၄၀၃၅) LL.B, DBL, DML, DIL, DLP.**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁- လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ယမုံနာ-၁)၊ မြေကွက်အမှတ် (က/၂၄)၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၂၇)၊ (၁၀)လမ်း၊ ယမုံနာ-၁ရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်ပန်းမြိုင် [၁၂/ဒပန(နိုင်) ၀၁၈၇၈၇]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ပန်းမြိုင်[၁၂/ဒပန(နိုင်) ၀၁၈၇၈၇] (မိခင်)နှင့် ဦးအောင်မြင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်သန္တာအောင်[၁၂/ဒပန(နိုင်) ၀၀၈၅၉၅]၊ ဒေါ်ညီညီအောင် [၁၂/ဒပန(နိုင်) ၀၄၃၆၂၉]၊ ဒေါ်ဇင်ဇင်အောင် [၁၂/ဒပန(နိုင်)၀၄၃၆၂၈]တို့မှ ၎င်းတို့ညီအစ်မ (၃)ဦးတည်းကိုသာ မွေးဖွားခဲ့ကြပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသား၊ သမီးလည်း မွေးစားထားခဲ့ခြင်းလည်းမရှိပါကြောင်း၊ မိခင်နှင့်ဖခင်တို့ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့ အရ ၎င်းတို့ညီအစ်မ(၃)ဦးကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည်မှာ မှန်ကန်ပါကြောင်း၊ အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ ဒေါ်ပန်းမြိုင်နှင့် ဦးအောင်မြင့်တို့၏ သေဆုံးမှုလက်မှတ်ပထမမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား) (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ဝမ်းနည်းကြေကွဲခြင်း
## ဦးကြည်ဆွေ
### အသက် (၈၄)နှစ်

သူငယ်ချင်း ဗိုလ်ကြီး ညီညီအောင်(အငြိမ်းစား)၏ဖခင် ဖြစ်သူ ဦးကြည်ဆွေ အသက်(၈၄)နှစ်သည် ၂၄-၁၀-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**သူရ-၉၈ ကျောင်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဖြူသိန်း
**တရားရေးအရာရှိဟောင်း၊ အောင်ဆန်း(၇)**
### အသက်(၇၅)နှစ်

အောင်ဆန်း(၇) တရားရေးအရာရှိ သင်တန်းဆင်း သူငယ်ချင်း ဦးဖြူသိန်းသည် ၁၉-၁၀-၂၀၂၄ (စနေနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇) တရားရေးအရာရှိ**
**သင်တန်းဆင်း သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်လှိုင်
**ဆည်မြောင်း-ညွှန်ကြားရေးမှူး(ငြိမ်း)**
### အသက် (၈၉) နှစ်

ဦးဇော်မင်းဦး-ဒေါ်အေးဖြူစိုးတို့၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးကျော်လှိုင် အသက် (၈၉)နှစ်သည် ၂၃-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (71) စည်သူတပ်ခွဲသူငယ်ချင်းများ**

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉-လမ်း၊ အမှတ် (၄၂)၊ မြေညီထပ် (ထပ်ခိုးအပြည့်ပါ) + ပထမထပ် (ထပ်ခိုးတစ်ဝက်ပါ) တိုက်မျက်နှာမူလျှင် (ညာ)ဟုခေါ်တွင်သည့်တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေညီထပ်တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်မြိုင် [၁၂/မဂတ(နိုင်) ၀၀၃၄၄၁] ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်သူ သား/သမီးများဖြစ်ကြသော **၁။ ဦးအောင်မင်းထွဋ် [၁၂/ပဘတ (နိုင်) ၀၀၃၄၄၀]၊ ၂။ ဒေါ်တင်သန္တာဆွေ [၉/မနမ (နိုင်) ၀၀၂၃၉၅]၊ ၃။ ဒေါ်နှင်းစန္ဒာ [၁၂/ပဘတ (နိုင်) ၀၁၇၈၅၂] (ကိုယ်တိုင်)နှင့် ၄။ ဦးအောင်မြတ်ခိုင် [၉/မရမ(နိုင်) ၀၁၀၆၂၁]** အမှတ်စဉ် (၁) (၂)တို့၏ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူတို့မှလည်းကောင်း ပထမထပ်တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးအောင်မင်းထွဋ်**ဖြစ်ပြီး ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဦးအောင်မြတ်ခိုင်**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်- ၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**Tel: 294766 HP: 09-501 7044**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၄ အက်ဖ်ဂျီ၊ မြေကွက် အမှတ် (၁၂၇၄)၊ ၁၅၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၁၂၇၄)၊ စပါယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (ဒေါ်ခင်ရီ [၁၂/တမန(နိုင်) ၀၆၃၇၉၂])၊ ဒေါ်ချိုချို [၁၂/တမန(နိုင်) ၀၆၃၆၄၆]၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် (၂)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ချိုချို(မိခင်)နှင့် ဦးမြင့်လွင်(ခ)ဦးစိန်ဝင်း(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဒေါ်အေးအေးသွယ် [၁၂/တမန(နိုင်)၀၆၃၅၉၂]၊ ဦးမြတ်မိုး [၁၂/တမန(နိုင်) ၀၀၀၁၆၂]တို့မှ ကျန်အမည်ပေါက် (၁)ဦးဖြစ်သူ ဒေါ်ခင်ရီ [၁၂/တမန(နိုင်) ၀၆၃၇၉၂]နှင့် ပူးတွဲ၍ ကွယ်လွန်သူ မိဘ(၂)ပါးတွင် မိမိတို့မောင်နှမ (၂)ဦးကိုသာ မွေးဖွားထွန်းကားခဲ့ပြီး အခြားသောသားသမီးမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစား အမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ မိမိတို့မောင်နှမ(၂)ဦးတည်းမှသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ဒေါ်အေးအေးသွယ်+၁တို့၏ ၁၉-၈-၂၀၂၄ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားဂရန်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်သန်းရှင်(ခ)ဒေါ်ညို
### အသက် (၇၅)နှစ်

ရွှေညောင်မြို့၊ မင်္ဂလာအောင်မြေ (၃)၊ အိမ်အမှတ်(၁၂၃)နေ (ဦးအောင်မြ-ဒေါ်တင်ကြည်)တို့၏ သမီး၊ (ဦးကြည်စိုး)၏ ချစ်လှစွာသောဇနီး၊ (ကိုထိန်လင်းစိုး)-မစမ်းသီတာအေး၊ ကိုစည်သူမြင့်-မသီတာစိုးတို့၏ ချစ်လှစွာသောမိခင်၊ (ဒေါ်သန်းရှင်)၏ညီမ၊ (ဦးကြည်ဟန်)-ဒေါ်သန်းမေ(ခ)မနှောင်း၊ ဒေါက်တာဇော်ဝင်းမြ-ဒေါ်အိကေဇာတို့၏ အစ်မ၊ တူ/တူမ လေးယောက်တို့၏ အဒေါ်၊ မြေး လေးယောက်တို့၏အဘွား ဒေါ်သန်းရှင်(ခ)ဒေါ်ညိုသည် (၉၆)ပါးသောရောဂါဖြင့် ၂၂-၁၀-၂၀၂၄ ရက် ည ၁၀:၀၂ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်အနိစ္စရောက်ရှိသွားပြီဖြစ်ပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၈-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် လိုက်ပါပို့ဆောင်နိုင်ရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (သုမောင်ကွန်ဒို နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်ချို
### အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၄)လမ်းတို၊ အမှတ်(၁၆)နေ (ဦးချော-ဒေါ်တင်မြိုင်)တို့၏ ချစ်လှစွာသောသားငယ်၊ ဒေါ်ပတ်ထရစ်ရှာ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇေယျာဦး-မဇင်မာမြင့်၊ ကိုမင်းသုဝေ-မအိအိဖြူတို့၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်၊ မောင်တည်ခန့်ထည်၊ မောင်ထူးတည်ကြည်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၃-၁၀-၂၀၂၄ ရက် ည ၁၁:၄၂ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအောင်ခင် (ခ) ဦးလော်ရှင်ကြီ
### အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ရွှေဝါထွန်း(၂)လမ်း၊ အမှတ်(၁၉၅)နေ (ဦးလော်ချောက်ရှင်း-ဒေါ်ချိန်ရှောက်ဆန်)တို့၏သား၊ ဒေါ်ဝေဝေလှိုင်(ခ)ဒေါ်ရန်လီဖန်၏ ခင်ပွန်း၊ (ဦးထွေးနိုင်)-ဒေါ်မေသူတို့၏ ညီ/မောင်၊ (ဦးရန်နိုင်)-ဒေါ်ငွေဖြူလွင်၊ ဦးခင်အောင်-ဒေါ်ကြည်ကြည်၊ ဦးနိုင်စိုး-ဒေါ်စီစီသိန်း၊ ဦးတင်အောင်-ဒေါ်ခင်သွယ်သွယ်၊ ဦးခွန်မျိုးအောင်-ဒေါ်အေးအေးမြိုင်တို့၏အစ်ကို၊ ဦးအောင်ဟန်-ဒေါ်နွေးနွေးအောင်၊ ဦးရဲရင့်အောင်၊ ဦးသန်းထွန်းအောင်တို့၏ဖခင်၊ မောင်ထွဋ်ထိပ်အောင်၊ မထက်ထက်အောင် တို့၏အဘိုးဖြစ်သူ ဦးအောင်ခင်(ခ)ဦးလော်ရှင်ကြီ အသက်(၇၂)နှစ်သည် (၉၆)ပါးသောရောဂါဖြင့် ၂၃-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၄-၁၀-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ရေဝေးသုသာန်အအေးတိုက်မှ ယူနန်သုသာန်သို့ ပို့ဆောင်၍ မွန်းတည့် ၁၂ နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အများသိစေရန် ကြေညာချက်

၁။ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပလမ်း၊ မြေကွက်အမှတ်(၉၆)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ် (၉၆)တွင်(၃)ထပ်တိုက် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်အား ဌာန၏ ၁၅-၅-၂၀၁၉ရက်စွဲပါ စာအမှတ်၊ ၁၈၇၆/၁၈၇၅/စည်ပင်-ယာ(အုံ) အရ မြေအမည်ပေါက် မြေရှင်ဦးနိုင်ဝင်းအောင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူဦးလှသိန်း၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာဦးခင်မောင်အေး (RSE-၁၀၇၁)နှင့် လိုင်စင်ရကန်ထရိုက်တာဦးခင်မောင်အေး (LC-၁၁၁၂) တို့ဖြင့်ဆောက်လုပ်ခွင့်ပြုမိန့်ရရှိခဲ့ပြီးလိုင်စင်ရကန်ထရိုက်တာဒေါ်ခင်ထွေးခံ (LC-၁၀၁၁)ဖြင့် ပြောင်းလဲဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ (၃)ထပ်တိုက် အဆောက်အအုံအား ဆောက်လုပ်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားရာတွင် လိုင်စင်ရကန်ထရိုက်တာ ဒေါ်ခင်ထွေးခံ(LC-၁၀၁၁)မှ လိုင်စင်ရကန်ထရိုက်တာဦးဘိုဆန်း(LC-၇၀၂)သို့ ပြောင်းလဲ၍ခွင့်ပြုပါရန် မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာ(၂)ဦး တို့မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်းလျှောက်ထား ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သက်ရှိကမ္ဘာ**
**ရှင်သန်ဖို့**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်း နေထိုင်သော လက်နက်ကိုင် အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့ သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## မြန်မာ နှင့် တရုတ် (ဟောင်ကောင်) အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ ခြေစမ်းပွဲ ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၄

FIFA နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲ မြန်မာအမျိုးသမီး လက်ရွေးစင် ဘောလုံးအသင်းနှင့် တရုတ်(ဟောင်ကောင်) အမျိုးသမီးဘောလုံးအသင်းတို့၏ ဒုတိယပွဲစဉ်ကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့မွန်းလွဲ ၃ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Parliament Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးမည် ဖြစ်သည်။

သတင်းစဉ်



ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ရာဖင်ဟာရဲ့ ဟက်ထရစ်သွင်းဂိုးအပါအဝင် ဘာစီလိုနာက ဘိုင်ယန်မြူးနစ်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် အောက်တိုဘာ ၂၄ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေထဲက အကောင်းဆုံး ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်မှာ ဘာစီလိုနာအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○

## MFF ယူ-၁၉ ဖူဆယ်ပြိုင်ပွဲတွင် ရန်ကုန်ဖူဆယ်အသင်းနှင့် ဟသ်ာအသင်းတို့ ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၄

MFF ယူ-၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၂၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ ရန်ကုန်ဖူဆယ်အသင်းနှင့် ဟသ်ာအသင်းတို့ ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ရန်ကုန်ဖူဆယ်အသင်းက YCDC Marga အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဟသ်ာအသင်းက ဘူရှီဒိုလူငယ်အသင်းကို ၁၀ ဂိုး-ရှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ဖူဆယ်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုး သွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ဖူဆယ်အသင်းအတွက် အနိုင်ဂိုးများကို သုံးမိနစ်တွင် နိုင်ထွန်းလူ၊ ၁၄ မိနစ်တွင် အောင်ဖြိုးနိုင်၊ ၂၂ မိနစ်တွင် စိုင်းညဏ်မင်းထက်တို့က သွင်းယူပြီး YCDC Marga အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ခုနစ်မိနစ်တွင် စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❂

## အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"၏ အရှိန်ကြောင့် နေရာကွက်၍မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခြင်းများဖြစ်ပေါ်နိုင်




နေပြည်တော် အောက်တိုဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဒါနာ" (DANA) သည် မြောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ စစ်တွေမြို့၏အနောက် - အနောက်တောင်ဘက် ရေမိုင် ၃၀၀ ခန့်၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ဒမ်မရာမြို့၏ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ ထုတ်ပြန် စာမျက်နှာ » ၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ငွေကျပ် ၂၅၄၀၂ သိန်းကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ အား သေနတ်ပြခြိမ်းခြောက်ရိုက်နှက်၍ လုယက်သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိ စာမျက်နှာ » ၁၅

နားထောင်ခြင်းအနုပညာနှင့် မြင်သိလက်ခံနိုင်စွမ်းမှုတစ်ဆင့် ဆောင်းပါး စာမျက်နှာ » ၁၉